ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ဝါဆိုလဆန်း ၅ရက်၊ ကြာသပတေးနေ့၊(29-6-2006) (၅၀၀၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သံတောင်ဒေသ၌ မြေလွတ်မြေရိုင်းများစွာ ရှိနေသေးရာ မိုးစပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး နှစ်ရှည်ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူတို့ကို သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုး

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့သို့ရောက်ရှိပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် သံတောင်မြို့သို့သွားရောက်ကာ သံတောင်မြို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားပြီး သံတောင်မြို့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတောင်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်မော်တော်ယာဉ်များဖြင့် တောင်ငူမြို့မှထွက်ခွာကြရာ ညနေ ၃ နာရီခွဲတွင် သံတောင်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ သံတောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ သံတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကိုကိုက သံတောင်မြို့၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်တာနက်သတင်း

ကင်းမြီးကောက်အဆိပ်ကိုအသုံးပြု၍ ဦးနှောက်ကင်ဆာ ကုထုံးဖော်ထုတ်မည်

ကင်းဘရစ်ဂျ် ဇွန် ၂၈

ကင်းမြီးကောက်သတ္တဝါ၏အဆိပ်တွင်တွေ့ရှိရသော ပရိုတင်းတစ်မျိုးကို အသုံးပြု၍ ဦးနှောက်ကင်ဆာရောဂါကုထုံးတစ်ရပ်ကို ဖော်ထုတ်နိုင်ရန် သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိကြောင်း ဇွန် ၂၈ ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ကင်းမြီးကောက်၏အဆိပ်တွင်ပါရှိသော ပရိုတင်းကိုအသုံးပြုကာ ကုသ၍ ပျောက်ကင်းနိုင်ခြင်းမရှိသော

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကင်ဆာရောဂါကုထုံးသစ်များ ဖော်ထုတ်ရာတွင်အသုံးပြုနိုင်မည့် ကင်းမြီးကောက်တစ်ကောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၆-၂၀၀၆
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူများ၏ လူမှုစီးပွားရေးအကျိုးပြု ခရမ်းချောင်းတံတား

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် တည်ဆောက်ပြီးစီးသွားသည့် ခရမ်းချောင်းတံတားသစ်ကို ဇွန်လ ၂၄ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ တံတားအရှည်ပေ ၂၂၀ ရှိသည့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အကျယ် ၂၈ ပေရှိ နှစ်လမ်းမောင်း ယာဉ်သွားလမ်း ပါရှိသည်။

အဆိုပါတံတားသည် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်းမကြီးပေါ်ရှိ ခရမ်းမြို့၏ အချက်အချာ တံတားကြီးဖြစ်သည်။ ပဲခူးတိုင်းရှိ ပဲခူး၊ သနပ္ပင်၊ ကဝမြို့နယ်များမှ ပြည်သူများအနေဖြင့် ခရမ်းချောင်းတံတားသစ်ကို အသုံးပြု၍ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များအား ဖြတ်သန်းကာ ရန်ကုန်မြို့အထိ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ခရမ်းမြို့နယ်သည် ဆန်စပါး၊ ပဲတီစိမ်း၊ သားငါးစသည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ စားကုန်အများအပြား ထွက်ရှိနေသော မြို့နယ်တစ်ခုဖြစ်သည်။ ခရမ်းမြို့ကို ဗဟိုပြုပြီး ဖားကူး-မောင်းမ လမ်းမှတစ်ဆင့် ပဲခူးမြစ်ကမ်းဘက်သို့ သွားရောက်နိုင်သကဲ့သို့ အောင်သာဒါန်း-ရေကျော်လမ်းမှ မုတ္တမပင်လယ်ဝအထိ သွားရောက်နိုင်သည်ဖြစ်ရာ ရေထွက်ပစ္စည်းများ တင်ပို့ရေးအတွက် အချက်အချာကျသော ဒေသတစ်ခုဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းတွင် ခရမ်းချောင်းတံတားကြီး အပါအဝင် တည်ဆောက်ဖွင့်လှစ်ပြီး တံတားကြီး ၂၇စင်းရှိသည်။ ပဲခူးမြစ်ကူး အမှတ်(၂) သန်လျင်တံတားနှင့် ငမိုးရိပ်ချောင်းကူး ကမာကြည်တံတားတို့ကို ဆက်လက်တည်ဆောက်လျက်ရှိရာ ဒေသ၏စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင် တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့၏ အကျိုးပြုမှုကြောင့် ရန်ကုန်မြို့နှင့် မြစ်တစ်ဖက်ကမ်းရှိ မြို့နယ်များနှင့် ကျေးလက်ပြည်သူများ တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး ကူးသန်းရောင်းဝယ်မှုများ အရှိန်အဟုန် မြင့်မားလာလျက်ရှိသည်။

ယခုအခါ ခရမ်းချောင်းတံတားသစ်ကို ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ရာ ခရမ်းမြို့နယ်မှထွက်ရှိသော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ပင်လယ်ပိုင်းဒေသထွက်ကုန်ပစ္စည်းများ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။

မျက်မှောက်အခြေအနေတွင် နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများဖြင့် လမ်းသစ်၊ တံတားသစ်ပေါင်းများစွာကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်း၌ ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၇ စင်း ရှိနေပြီဖြစ်သည်။ ယင်းသို့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများ ပေါ်ထွန်းလာမှုကြောင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ပိုမိုတိုးတက်မြင့်မား လာမည်ဖြစ်ပါသည်။ ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၈

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အင်္ဂပူမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၆၀ မှ ဆရာတော် သံဃာတော် များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့တော်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့ မြို့တော်ခန်းမဥ္စကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆု ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သစ်တောရေးရာ)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် အင်္ဂပူမြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဆေးရုံတက် လူနာများအား အားပေးစကား ပြောကြားသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် မဲဇလီကုန်းကျေးရွာ ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကိုမှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ထူးကြီးကျေးရွာ ဇေတဝန်ကျောင်းတိုက်သို့ ရောက်ရှိပြီး ကျေးရွာအုပ်စု ဘုန်းကြီးကျောင်း ၂၆ကျောင်းရှိ သံဃာတော်များအား ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မှာကြား

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်သည် ထူးကြီး အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားပို့ချနေမှုများ၊ Multimedia စာသင်ခန်းနှင့် ကွန်ပျူတာခန်း များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်ပြီးဗဟိုအလုပ်အမှုဆောင်သည် ထူးကြီးကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ မြို့တော်ခန်းမဥ္စ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပညာသင်ဆုပေးအပ်ပွဲအခမ်းအနား ကျင်းပရာသို့ တက်ရောက်အမှာစကားပြောကြားပြီးအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ကြားနေသောကျောင်းသား၊ကျောင်းသူ ၁၀ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အလယ်တန်းကျောင်းများတွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၃၅၀၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများအား ကျောင်းစည်းရုံးရေး တာဝန်ခံက ပေးအပ်ရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက လက်ခံပြီး ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် အင်္ဂပူမြို့ မြို့မအခြေခံပညာမူလ တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ အခမ်းအနားကိုတက်ရောက်အားပေးသည်။

ကျောင်းဆောင်သစ်ဖွင့်လှစ်

ရွှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသူ၊ကျောင်းသားကလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာဌေးဝင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဝင် ဦးစိန်ဟုတ်တို့က ကျောင်းဆောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့သို့ ဝင်ရောက်လာသော အထူးကုန်စိမ်းရထားများ ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် တညင်းကုန်း ဘူတာသို့ ရောက်ရှိလာပြီး ပြည်-ရန်ကုန်ရထားလမ်းတစ်လျှောက်မှ ရန်ကုန်မြို့သို့ ကုန်စိမ်းနှင့် ဟင်းသီးဟင်းရွက်များသယ်ယူလာသည့် အမှတ်(၇၆)အစုန် အထူးကုန်စိမ်းရထားမှ ကုန်စိမ်းဟင်းသီးဟင်းရွက်များ ချယူပြီး ရန်ကုန်မြို့ရှိ ဈေးအသီးသီးသို့ ဖြန့်ချိပို့ဆောင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နယ်အသီးသီးမှ ဟင်းသီးဟင်းရွက် လာရောက် ရောင်းချသည့် စိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်စိမ်းကုန်သည်များနှင့် ရန်ကုန်မြို့ရှိ ဈေးအသီးသီးသို့ ဟင်းသီးဟင်းရွက် သယ်ယူရောင်းချနေသော ဈေးသည်များအား တွေ့ဆုံ၍ ထိုပုဂ္ဂိုလ်များ၏ အကြံပြုတင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုအထူးကုန်စိမ်းရထားသည် ပြည်မြို့မှ နေ့စဉ်နံနက် ၂ နာရီတွင် ထွက်ခွာပြီး တညင်းကုန်းဘူတာသို့ မွန်းလွဲ ၁၂နာရီခွဲတွင်လည်းကောင်း၊ ကြည့်မြင်တိုင်ဘူတာသို့ မွန်းလွဲ ၁နာရီခွဲတွင်လည်းကောင်း ဆိုက်ရောက်ကြောင်း သိရသည်။ ယခုလကုန်ခန့်မှစ၍ အောက်တိုဘာလဆန်းအထိ ကုန်စိမ်းလှိုင်လှိုင် ဝင်ရောက်လာရန်ရှိကြောင်းနှင့် တညင်းကုန်းဘူတာသို့ ရန်ကုန်မြို့ ဈေးပေါင်း၂၄ ဈေးမှ ကုန်စိမ်းရောင်းချသူများ လာရောက်ဝယ်ယူကာ မြို့ပတ်ရထားများဖြင့် ဈေးအသီးသီးသို့ ဆက်လက်သယ်ယူကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာ့မီးရထား ဗိုလ်တထောင်ကုန်ရုံသို့ ရောက်ရှိပြီးအမှတ်(၉၁၄)အစုန်အထူးကုန်စိမ်း ရထားဖြင့် မန္တလေးလမ်းပိုင်းမှ သယ်ယူရောက်ရှိလာသော စားဖိုဆောင်ပစ္စည်းများနှင့် ကုန်ခြောက်မျိုးစုံကို ကြည့်ရှုစစ်ဆေးပြီး ကုန်သည်များနှင့် တွေ့ဆုံသည်။ အမှတ်(၉၁၄) အထူးကုန်စိမ်းရထားကို မန္တလေးမှနေ့စဉ် ည ၇ နာရီတွင် ထွက်ခွာကာ မလွှကုန်းဘူတာသို့ နောက်တစ်နေ့ ညနေ ၅ နာရီတွင် လည်းကောင်း၊ ဗိုလ်တထောင်ကုန်ရုံသို့ ည ၇ နာရီတွင် လည်းကောင်း ဆိုက်ရောက် မည်ဖြစ်ပြီး ယခုရထားခရီးစဉ် တစ်ခေါက်တွင် ကုန်ချိန်ပိဿာ ၂ ဒသမ ၂ သိန်းခန့် သယ်ဆောင်လာကြောင်း သိရသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရန်ကုန်မြို့ မြန်မာ့မီးရထား ဗိုလ်တထောင်ကုန်ရုံတွင် ကုန်သည်များနှင့် တွေ့ဆုံစဉ်။ (ရထား)

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြု မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

ဂျပန်နိုင်ငံ Grassroots Grant Assistance အစီအစဉ်ဖြင့် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်း ကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၆ရက် နံနက် ၉နာရီတွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Masashi Ogawa က ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၈၂၄၃၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းရာ မန္တလေးဗဟိုအမျိုးသမီးဆေးရုံ အုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဆွေဝင်းက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းမုန့်စားဈေးဆိုင် များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသော ကျောင်းသုံးပုံနှိပ်စာအုပ် ၄၁၃၂ အုပ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းသောင်းဝင်းက မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းထံ ပေးအပ်သည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်း အနားကို ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေတံခွန်တောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ကျင်းပရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်း၊ မြို့တော်ဝန်၏ ဇနီး ဒေါ်မိုးသီတာ၊ ဒုတိယ တိုင်းမှူး၏ဇနီး ဒေါ်နန်းအေးမြနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို စိုက်ပျိုးရန် ကြက်ဆူပျိုးပင်များပေးအပ်ပြီး နာယကနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သတ်မှတ်နေရာ အသီးသီးတွင် ခြံစည်းရိုး ကြက်ဆူပင်များကို တပျော်တပါးစိုက်ပျိုးကြသည်။

အဆိုပါနေ့က စိုက်ပျိုးသော ခြံစည်းရိုး ကြက်ဆူငါးဧကတွင် အပင်ပေါင်း ၆၂၃၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ရုံးသို့ ရောက်ရှိကြပြီး မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးကော်မတီ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးကော်မတီ စီမံချက်ကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူ၊ ကျောင်းသားများက ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသော ကျောင်းသုံးပုံနှိပ်စာအုပ်များကို လက်ခံစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မန္တလေးခရိုင် အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ခရိုင် အုပ်ချုပ်ရေးမှူးနှင့် သင်တန်းနည်းပြများ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့်သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် တိုင်းအမျိုးသမီးရေးရာ အဖွဲ့ရုံးသို့ရောက်ရှိကြပြီး မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်း ဖွင့်လှစ်သည့် ဆံကေသာ အလှတပ် ဖဲပြားကလစ်ပြုလုပ်နည်း သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနား အပြီးတွင် နာယကနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ ဆံကေသာ အလှတပ် ဖဲပြားကလစ် ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း လူမှုရေး ဆပ်ကော်မတီက ကြီးမှူး၍ ဝါတွင်းကာလမြတ်ဒါနအဖြစ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို နှစ်စဉ် ကျင်းပမြဲအတိုင်း ဇူလိုင် ၂ရက် နံနက် ၈ နာရီခွဲမှ ၁၁နာရီခွဲအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ လှူဒါန်းပွဲသို့ အသင်းဝင် သွားနှင့် ခံတွင်းဆရာဝန်များ ကြွရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသော ဝတ္ထုပစ္စည်းအစုစုတို့ကို လူမှုရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဦး 3 Q International Dental Trading Co., Ltd. ဖုန်း-၃၇၉၅၃၂ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ "မူးယစ်ဒုက္ခမပေါ့ဆနှင့်" ကဗျာပထမဆုရ အင်းစိန် အလက(၁)မှ မခါရီကူသေးအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ ဆုချီးမြှင့်စဉ်။ (၆၁)

ဆုချီးမြှင့်

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပန်းချီကာတွန်း၊ ပိုစတာ၊ နံရံကပ်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၃ရက်က အထက(၂) လသာ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်အားနှင့် အမှန်တရား

✪ ရွှေမေတ္တာ အမှန်သာ ရှိရင်ဖြင့်
လေပစ်ကာ မမှန်တာ မကလိပါနဲ့
မှန်တာ အရှိကိုပဲ ပြောစေချင်၊
မပြုသင့်တာ တွေးကြံကာ ထိုးလိုက်ပုံက
လူ့အခွင့်အရေးမှာ မြန်မာဟာ ဆိုးပြန်သတဲ့
ညှိုးမာန်ဖွဲ့ကာ လုပ်ကြံသတင်းတွေနဲ့
ဖွတ်အတင်းအမှုချစွဲပါလို့
ကုလပွဲကိုတဲ့ တင်ဖို့ပြင်။

✪ အင်အားရှင်သူ အကောင်ပဲဟာမို့
မရှောင်မလွှဲသာ နိုင်ငံတကာက
သူ့ခြေရာဦးတည်လမ်းကိုလ
လျှောက်လှမ်းလိမ့်တူပြိုင်
ပိုင်ပြီဟု သူတွက်၊
အင်အားရှင် မှန်ပါပြားပေမယ့်
ထင်ရှားအသွင်မမှန်တာများလေတော့
အမှန်တရားအခြေခံတဲ့
နိုင် နိုင်ငံသဘင်ပွဲမှာ
ကွဲလိမ့်အရှက်။ ။

ပျံလွှား

သဒ္ဓမ္မရံသီရိပ်သာများတွင် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲအသီးသီးတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာများအား ဝါဆိုသင်္ကန်း ကပ်လှူပွဲများ ကျင်းပမည်ဖြစ်ရာ သဒ္ဓမ္မရံသီရိပ်သာကြီး၌ ဇူလိုင် ၁၅ရက်တွင်လည်းကောင်း၊ ကျောက်ရေတွင်း မစ္ဈိမပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင် ၁၆ရက်တွင်လည်းကောင်း၊ သရက်ကုန်း(အင်းတိုင်) စိပ္ပာဘိညာ သဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင် ၂၂ရက်တွင်လည်းကောင်း၊ ရန်ကင်းမြို့နယ် သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ ဇူလိုင်၂၃ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး အဆိုပါနေ့များတွင် နံနက် ၈နာရီမှ စ၍ သင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လပွတ္တာမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၈

လပွတ္တာမြို့နယ်အသင်းမှကြီးမှူးကျင်းပမည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ အမှတ်(၆၃)ရှိ အသင်းတိုက်တွင် ဇူလိုင် ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီမှ ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

လပွတ္တာမြို့ပေါ်ရှိ ကျောင်းအားလုံးတွင် ဇူလိုင် ၂၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလိုသူများ အသင်းရုံး ဖုန်း-၂၂၂၀၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၆ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
- ၇း၃၅ တေးဂီတအစီအစဉ်
- ၇း၄၀ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Taxi VCD Shooting)
- ၈း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၈း၁၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့်၊ Patent)
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၀ သင်ယူလေ့လာဂီတပညာ (လှရွှေစန္ဒရား သင်တန်းကျောင်း)
- ၈း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၅၅ ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း-၁)
- ၉း၀၅ တေးဂီတအစီအစဉ်
- ၉း၁၀ သဘာဝကပေးသော လက်ဆောင်များ
- ၉း၁၅ ယနေ့သိပ္ပံနှင့်နည်းပညာ (သန္တာအေး၊ Aသူမြင့်)
- ၉း၂၅ မိုးလေဝသခန့်မှန်းချက်
- ၉း၃၀ သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ
- ၉း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅ Music Gallery
- ၁၀း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၂၅ လှပဆန်းသစ် ကြွေရည်သုတ်ပစ္စည်းအသစ်
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်း တင်အောင်နီ)
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ ခေတ်မီစတိုင်ကျ၊ ရယ်ဒီမိတ်အထည်လှလှ
- ၁၁း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၀ အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အနောက်အုပ်စုနိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်ခံရမည်ကို စိုးရိမ်နေ

လန်ဒန် ဇွန် ၂၈

အကြမ်းဖက်သမားများက လန်ဒန်မြို့ သို့တည်းမဟုတ် အနောက်အုပ်စုနိုင်ငံများမှ မြို့တော်များအား ဗုံးဖြင့်တိုက်ခိုက်မည်ကို အနောက်အုပ်စုနိုင်ငံများက စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သည်ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက ဖော်ပြသည်။

အကြမ်းဖက်သမားများက ဓာတုဗေဒ၊ ဇီဝဗေဒဗုံးများနှင့် နျူကလီးယားလက်နက်များအသုံးပြုကာ မလွဲမသွေ တိုက်ခိုက်နိုင်သည်ဟု ဗြိတိန်ထောက်လှမ်းရေးဌာနများက ထင်မြင်နေကြကြောင်း လုံခြုံရေးသတင်း ရပ်ကွက်က ထုတ်ဖော်ပြောကြားသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

ရဲအရာရှိ ၂၅၀က လန်ဒန်မြို့တော်ရှိ မွတ်စလင်ညီအစ်ကိုနှစ်ဦး၏ အိမ်ကို စီးနင်းရှာဖွေခဲ့ပြီးနောက် ၎င်းညီအစ်ကိုနှစ်ဦးသည် ဓာတုဗေဒဗုံးထုတ်လုပ်မှုနှင့် ဆက်နွှယ်မှုရှိသည်ဟု မှားယွင်းစွာ ကောက်ချက်ချခဲ့ပြီးနောက် ဖော်ပြပါ သတိပေးပြောကြားချက်များ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

စီးနင်းရှာဖွေ

လန်ဒန်မြို့တော်တွင် ဓာတု၊ ဇီဝဗုံးများနှင့် နျူကလီးယားလက်နက်ဖြင့်သာ အတိုက်ခံရပါက ဗြိတိန်၏ စီးပွားရေး ထိခိုက်ပျက်စီးစေပြီး ဥရောပနှင့် အမေရိကဒေသတို့၏ စီးပွားရေးများ ဆိုးဆိုးရွားရွား ပျက်စီးစေနိုင်သည်ဟု ဗြိတိန်မှ ထောက်လှမ်းရေးဌာနများနှင့် လုံခြုံရေးတပ်ဖွဲ့အတွင်း စိုးရိမ်မကင်းဖြစ်မှုများ တိုးပွားလာခဲ့ပြီးနောက် ဖော်ပြပါအတိုင်း မွတ်စလင် ညီအစ်ကိုနှစ်ဦး၏အိမ်ကို စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါတွင် အသည်းရောင်(အီး)ရောဂါသည် ၂၀၀၀၀ ခန့်ရှိ

ခတ္တမန္ဒူ ဇွန် ၂၇

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်တွင် နှစ်စဉ် နွေရာသီနှင့် မိုးရာသီကာလတွင် အသည်းရောင် (အီး)ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀မှ ၂၀၀၀၀ ခန့်ရှိကြောင်း ကျွမ်းကျင် ပညာရှင်က စနေနေ့တွင် ပြောကြားသည်။

အများဆုံးပါဝင်

ယင်းရောဂါ ကူးစက်ခံရသူများတွင် အသက် ၁၆ နှစ်မှ ၃၅ နှစ်အကြား လူငယ်များ အများဆုံး ပါဝင်ကြောင်း အစိုးရ အဖွဲ့အစည်း မဟုတ်သော အသည်းရောဂါကု အဖွဲ့ဥက္ကဋ္ဌ ဆန်တို့စ် မန်ရှရီသာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် အသည်းရောင် (အီး) ဗိုင်းရပ်စ်ကို ခုခံနိုင်စွမ်း နည်းပါးကြောင်း၊ မိခင်ရောသန္ဓေသားမှာပါ အန္တရာယ်ကြီးမားကြောင်း၊ ပထမဆုံးအကြိမ် ကလေးမွေးဖွားမည့် မိခင်များမှာ ထိုရောဂါ ခံနိုင်စွမ်းမရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာရှိ ဟွန်ဒါစက်ရုံတွင် မော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေသည်ကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆီအုန်းစွန့်ပစ်ပစ္စည်းမှ ဇီဝလောင်စာ မလေးရှား၌ ဂျပန်ကုမ္ပဏီ ထုတ်လုပ်မည်

ကွာလာလမ်ပူ ဇွန် ၂၇

ဂျပန်ကုမ္ပဏီတစ်ခုက မလေးရှားနိုင်ငံ ဆီအုန်းထုတ်လုပ်ရေးလုပ်ငန်းများမှ ပေါ်ထွက်လာသော စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ် ပစ္စည်းများကို အသုံးပြု၍ ဇီဝလောင်စာ အရင်းအမြစ်သစ်တစ်ခုကို မလေးရှားနိုင်ငံအတွက်ထုတ်လုပ်ပေးရန်စီစဉ်နေကြောင်း သတင်းစာတစ်စောင်က တနင်္လာနေ့တွင်ရေးသားသည်။

ခုတ်လှဲပြီး ဆီအုန်းပင်စည်များ၊ ဆီအုန်းအပင်မှ ကိုင်းများ၊ အမျှင်ပါ ဆီအုန်းအသီး စွန့်ပစ်ပစ္စည်းများနှင့် ဆီအုန်းသီးအခွံများကို မော်တော်ယာဉ်များတွင် အသုံးပြုသည့် ဓာတ်ဆီနှင့်အတူ ပူးပေါင်းအသုံးပြုနိုင်ရန်အတွက် ဇီဝမက်သနောလောင်စာအဖြစ် ပြောင်းလဲထုတ်လုပ်မည် ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသည့် နယူးစထရိတ်တိုင်းမ် သတင်းစာက ရေးသားသည်။

ဂျပန်နိုင်ငံမှ မစ်ဆူအိ အင်ဂျင်နီယာလုပ်ငန်းနှင့် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီက ယင်းဇီဝလောင်စာ ထုတ်လုပ်ရေးအတွက် မလေးရှားနိုင်ငံသို့ ရင်းနှီးမြှုပ်နှံရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကာ လာမည့်ခြောက်လအတွင်း ဇီဝလောင်စာ ထုတ်လုပ်ရေးအလားအလာများကို လေ့လာမည်ဖြစ်သည်။

ယင်းလောင်စာထုတ်လုပ်နိုင်ပါကဇီဝမက်သနော စီးပွားဖြစ်ထုတ်လုပ်ရန်အတွက် မလေးရှားနိုင်ငံမှ ဆီအုန်းထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် အစုစပ်လုပ်ငန်းရှင်နှင့်အတူ အမေရိကန် ဒေါ်လာသုံးသန်းတန်ဖိုးရှိ ရှေ့ပြေးစက်ရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်သည်ဟု အဆိုပါကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူက သတင်းစာသို့ ပြောကြားသည်။

မစ်ဆူအိကုမ္ပဏီကလာမည့် နှစ်နှစ်အတွင်း အဆိုပါ ဇီဝမက်သနောလောင်စာ ရှေ့ပြေးစက်ရုံ တည်ဆောက်သွားမည်ဖြစ်ပြီး စီးပွားရေးအရစမ်းသပ်ထုတ်လုပ်ကာ ၂၀၁၀ ပြည့်နှစ်တွင် ထုတ်လုပ်မှု စတင်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒုတိယကမ္ဘာစစ်ကဗုံး ပြင်သစ်၌ တွေ့ရှိ

လီလီ(ပြင်သစ်) ဇွန် ၂၇

ပြင်သစ်နိုင်ငံမြောက်ပိုင်းလီလီမြို့တွင် ဒုတိယကမ္ဘာစစ်က မပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ဆောက်လုပ်ရေး ဝန်ထမ်းများက တူးဖော်တွေ့ရှိမှုကြောင့် လီလီမြို့နေပြည်သူ ၁၆၀၀ကို ဘေးလွတ်ရာသို့ ရဲတပ်ဖွဲ့က ရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းတစ်ရပ်တွင် ရေးသား ဖော်ပြထားသည်။ အလေးချိန်ကီလို ၂၅၀ရှိသော ဗုံး၏ စနက်တံကို ကျွမ်းကျင်ပညာရှင်များက အောင်မြင်စွာ ဖြုတ်ခဲ့ကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကျူးဘား၌ ယာဉ်တိမ်းမှောက်

ဟာဗားနား ဇွန် ၂၇

ကျူးဘားနိုင်ငံ ဒုတိယအကြီးဆုံးမြို့ ဆန်တီယာဂိုအနီး၌ သောကြာနေ့က အဝေးပြေးယာဉ်တစ်စီး ကားဘီးပေါက်ပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း၊ ကလေးငါးဦးအပါအဝင် ၁၁ ဦးထက် မနည်းသေဆုံးပြီး ဒဏ်ရာရရှိသူ ၅၀ ရှိကြောင်း အမျိုးသားသတင်းဌာနက ပြောကြားသည်။

ဆန်တီယာဂိုမြို့မှ ကီလိုမီတာ ၈၀ အကွာရှိ ဂူအာမာမြို့ အဝေးပြေးလမ်းမ၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရိုမေးနီးယား၌ ရေလွှမ်းမိုး

ဘူခါရက် ဇွန် ၂၇

ရိုမေးနီးယားနိုင်ငံတွင် လွန်ခဲ့သော ငါးရက်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာများတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားရာ လူ ၁၂ ဦး သေဆုံးပြီး သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် ၁၂ဦးသေဆုံးပြီး ပျောက်ဆုံးနေသူ သုံးဦးကိုရှာဖွေလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြထား

ရိုမေးနီးယားနိုင်ငံ အလယ်ပိုင်း ဘီးစထရာတာနုဆွဒ်ခရိုင်တွင် သေဆုံးသူ ၁၀ ဦး ရှိကြောင်း၊ ဟန်ဂေရီနိုင်ငံ နယ်စပ် အာရက်ဒ်ခရိုင်တွင် တစ်ဦး သေဆုံးပြီး မာရာမူရာရက်စ်ခရိုင် မြောက်ပိုင်းတွင် တစ်ဦးသေဆုံးကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ရိုမေးနီးယားနိုင်ငံ တာလီဆူယာ ကျေးရွာတွင် ရေလွှမ်းမိုးပြီးနောက် အပျက်အစီးများကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပသည့် အိဒ်စ်ရောဂါ တိုက်ဖျက်ရေးရန်ပုံငွေရှာဖွေသည့် အခမ်းအနားတွင် ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး ပါမယ်လာအင်ဒါဆင်အား ဇွန် ၂၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ပြည်ပမှ ဓာတ်ဆီဝယ်ယူတင်သွင်းမှု အီရန်ရပ်ဆိုင်းမည်

တီဟီရန် ဇွန် ၂၇

ရသုံးငွေစာရင်းရေး အစီအစဉ်အရ အီရန်နိုင်ငံက စက်တင်ဘာ ၂၃ ရက်မှစတင်၍ ဓာတ်ဆီဝယ်ယူ တင်သွင်းမှုကို ရပ်ဆိုင်းမည်ဖြစ်ပြီး မော်တော်ယာဉ်မောင်းများသို့ ဓာတ်ဆီခွဲတမ်းစနစ် စတင်ကျင့်သုံးသွားမည် ဖြစ်ကြောင်း အီရန် ရေနံဝန်ကြီး ဗာဇီရီဟာမာနီက သောကြာနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံ ပါလီမန်က ၂၀၀၇ ခုမတ်လဘတ်ဂျက်အတွက် ပြည်ပမှ ဓာတ်ဆီဝယ်ယူ တင်သွင်းမှုကို အမေရိကန်ဒေါ်လာ လေးဘီလီယံမှ ၂ ဒသမ ၅ ဘီလီယံအထိ ဖြတ်တောက်လျှော့ချရန်သဘောတူဆုံးဖြတ်ခဲ့သည်။

အီရန်သမ္မတ မာမွတ်အာမက်ဒီနိရတ်၏ဖော်ပြပါအစီအစဉ်နှင့်ပတ်သက်၍ ဆင်းရဲနွမ်းပါးသူများက ထောက်ခံကြသော်လည်း ဓာတ်ဆီဈေးနှုန်းမြင့်မားနေမှုနှင့် ခွဲတမ်းစနစ်ဖြင့် ဖြန့်ဝေမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိကြဘဲ သဘောထား ကွဲလွဲမှု ပြဿနာဖြင့် ရင်ဆိုင်နေရသည်။

လာမည့်ရက်သတ္တပတ်မှ စတင်၍ ဓာတ်ဆီခွဲတမ်းစနစ်ဖြင့် ဖြန့်ဝေတော့မည်ဖြစ်ကြောင်း၊ ယခုနှစ်၏ ဒုတိယနှစ်ဝက်ကာလတွင် ပြည်ပမှ ဓာတ်ဆီဝယ်ယူတင်သွင်းနေမှုကို အသုံးစရိတ်ခွင့်ပြုမည်မဟုတ်တော့ကြောင်း၊ ပုံမှန်အရ ပြည်ပမှ ဝယ်ယူတင်သွင်းမှု ရပ်ဆိုင်းပြီး ဓာတ်ဆီကို ခွဲတမ်းစနစ်ဖြင့်သာ ဖြန့်ဝေသွားတော့မည် ဖြစ်ကြောင်းအီရန်ရေနံဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်၌ ပထမအကြိမ်ရေကြောင်းသိပ္ပံပြပွဲဖွင့်လှစ်

ပေကျင်း ဇွန် ၂၇

တရုတ်နိုင်ငံတွင် ၂၀၀၆ခုနှစ်ရေကြောင်းသွားလာရေးနေ့ အထိမ်းအမှတ်အဖြစ် ပထမအကြိမ် ရေကြောင်းသိပ္ပံပြပွဲကို တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။

ထိုပြပွဲတွင် တန်ချိန်၃၀၀၀၀၀ရှိ ရေနံတင်သင်္ဘော၊ တိုက်ချင်းပစ် ဒုံးကျည်တပ်ဆင်ထားသည့် စစ်သင်္ဘော၊ဖျက်သင်္ဘော၊ အပျော်စီးသင်္ဘော၊ ကယ်ဆယ်ရေးသင်္ဘောနှင့် ဆန်းပြားသော ရွက်သင်္ဘောအပါအဝင်သင်္ဘောပုံစံ ၃၀ကျော်တို့ကို ပြသထားသည်။ အီလက်ထရွန်နစ်နည်းပညာ သုံးစွဲ၍ ကြည်း၊ ရေ၊လေပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်း ကြိုးပမ်းဆောင်ရွက်ပုံနှင့် နည်းပညာသုံးကာ ရေကြောင်းသွားလာခြင်း အတတ်ပညာတို့ကို ပြပွဲတွင်သရုပ်ဖော်ပြသထားသည်။ အလားတူ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၏ အခြေခံအတတ်ပညာ၊ ပင်လယ်သမုဒ္ဒရာကာကွယ်ထိန်းသိမ်းရေးနှင့် ရေလုပ်ငန်းတို့ကိုလည်း ပြသထားသည်။

တရုတ်သိပ္ပံနှင့် နည်းပညာပြတိုက်တွင် အဆိုပါပြပွဲကို နောက်ထပ်ရက်သတ္တပတ်သုံးပတ်ကြာ ဆက်လက်ပြသမည်ဖြစ်သည်။

ရေကြောင်းလုပ်ငန်းသည် တရုတ်နိုင်ငံ၏ အဓိကလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထိုပြပွဲ ကျင်းပရခြင်းမှာ သင်္ဘောများ အန္တရာယ်ကင်းစွာမောင်းနှင်သွားလာနိုင်ရန်၊ ရေကြောင်းပိုင်နက်များနှင့် ရေကြောင်းကာကွယ်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ဆက်သွယ်ရေးလုပ်ငန်း ဒုတိယဝန်ကြီး ဇူဇူယွန်က ပြပွဲတွင်ပြောကြားသည်။

ဇူလိုင် ၁၁ရက်နေ့ကို တရုတ်နိုင်ငံ၏ ရေကြောင်းသွားလာရေးနေ့အဖြစ် ၂၀၀၅ခုနှစ်မှစ၍ အစိုးရက သတ်မှတ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အာကာသယာဉ်မှူးများ လေ့ကျင့်ရေးဌာနတွင် ပျံသန်းရေး အင်ဂျင်နီယာ ဆူနီတာဝီလီယံအား ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲခံရ

ကွက်တာ(ပါကစ္စတန်) ဇွန် ၂၇

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကို သူပုန်များအဖြစ် မသင်္ကာသူများက ဖောက်ခွဲခဲ့ကြောင်း၊ ကွက်တာမြို့ရှိ ဆေးဝန်ထမ်းတပ်ဖွဲ့အိမ်ရာနှင့်ဟိုတယ်တို့ကို ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘလူချီစတန်ပြည်နယ် ကွက်တာမြို့ ဆင်ခြေဖုံးအရပ်တွင် ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ရာ လူတစ်ဦး ဒဏ်ရာရရှိပြီးဓာတ်ငွေ့ပိုက်လိုင်းပျက်စီးမှုကြောင့် ယင်းပြည်နယ်အရှေ့ပိုင်းသို့ ဓာတ်ငွေ့ဖြန့်ဖြူးမှုများ ရပ်ဆိုင်းသွားသည်။

ဟိုတယ်နှင့် လူနေရပ်ကွက်တို့ကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သော်လည်း တစ်ဦးသာ ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲအရာရှိ ဂူလမ်မီမှဒ်ဒိုဂါက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကော်စတာရီကာတွင် မူးယစ်ဆေးဝါးဂိုဏ်းကို ဖြိုခွင်း

ဆန်ဟိုဆေး ဇွန် ၂၇

ကိုကင်း မူးယစ်ဆေးဝါးများကို ပန်းအိုးများအတွင်း ထည့်သွင်းပြီး ဥရောပသို့ မှောင်ခိုထုတ်နေသည့် နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းကို ကော်စတာရီကာရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ဖြိုခွင်းလိုက်ကြောင်း ကော်စတာရီကာပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖမ်းဆီး

နိုင်ငံတကာ ရဲတပ်ဖွဲ့၊ ကော်စတာရီကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးရဲတပ်ဖွဲ့နှင့် နယ်သာလန်ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆင်နွှဲသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတစ်ရပ်အတွင်း အဆိုပါဂိုဏ်း၏ ခေါင်းဆောင် နှစ်ဦးအပါအဝင် စုစုပေါင်း ၁၀ ဦးတို့ကိုဖမ်းဆီးလိုက်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကော်စတာရီကာနိုင်ငံ လီပွန်ဒေသမှ အဆိုပါဂိုဏ်းက ငှားရမ်းထားသည့် စိုက်ပျိုးရေးခြံတွင် လူနှစ်ဦးက ကိုကင်းမူးယစ်ဆေးဝါးများကို ပန်းအိုးများတွင် သိုဝှက်ကာ ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ကိုလံဘီယာနိုင်ငံသား တစ်ဦးနှင့် ကော်စတာရီကာ နိုင်ငံသားတစ်ဦးတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခဲ့သည်ဟုယူဆရသည်။ ကော်စတာရီကာ ရဲတပ်ဖွဲ့ဝင်များသည် ၎င်းနိုင်ငံသားနှစ်ဦးကို ဆန်ဟိုဆေးမြို့တွင် တနင်္လာနေ့က ဖမ်းဆီးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီဂျစ်နိုင်ငံရှိ စူးအက်တူးမြောင်းကို ပို့ဆက်မြို့ဆိပ်ကမ်းမှ ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အနောက်အုပ်စု၏ ဖိအားပေးမှုကို အီရန်သမ္မတ ပယ်ချ

တီဟီရန် ဇွန် ၂၇

အီရန်နျူကလီးယားပြဿနာဆိုင်ရာ အဆိုပြုချက်သစ်နှင့်စပ်လျဉ်း၍ အလျင်အမြန် တုံ့ပြန်လာစေရန် အနောက်အုပ်စုက ဖိအားပေးမှု တိုးမြှင့်ပြုလုပ်လာခြင်းကို လက်ခံမည်မဟုတ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒိနဲရတ်က တနင်္လာနေ့တွင် ပြောကြားသည်။

မိမိတို့သည် ဖိအားပေးခံရသည့် အခြေအနေများအောက်တွင် နေထိုင်ခဲ့သည်မှာ၂၇နှစ်ရှိပြီဖြစ်ကြောင်း၊ တိုးပွားလာသည့် နောက်ထပ်ဖိအားပေးမှုများကို မခံစားနိုင်တော့ကြောင်းအာမက်ဒိနဲရတ်ကအီရန်ဆိုင်ရာဗြိတိန်သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင်ပြောကြားသည်။

တရားဝင်တုံ့ပြန်

အီရန်နျူကလီးယား အငြင်းပွားမှုပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်သည့် အဆိုပြုချက်ကို ဩဂုတ်လလယ်တွင် အီရန်က တရားဝင်တုံ့ပြန်မည်ဖြစ်သည်ဟု ၎င်းက ဇွန် ၂၁ ရက်က ပြောကြားခဲ့သည်။

ကျိုးကြောင်း ဆီလျော်မှု ရှိသည့် ဖော်ပြပါ အဆိုပြုချက်ကို တုံ့ပြန်ရန် အီရန်အနေဖြင့် အချိန်ဆွဲရန် မလိုအပ်ဟု အနောက်အုပ်စုခေါင်းဆောင်များက ပြောကြားပြီး အီရန်အနေဖြင့် ယင်းအဆိုပြုချက်ကို ရက်သတ္တပတ်အနည်းငယ်အတွင်း လက်ခံခြင်း မရှိပါက နိုင်ငံတကာ၏ ကန့်သတ်အရေးယူမှုဖြင့် ကြုံတွေ့နိုင်ကြောင်း ခြိမ်းခြောက်ထားသည်။

ဥရောပနှင့် အမေရိကန်တို့အနေဖြင့် စိတ်ရှည်လက်ရှည်ရှိရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရီဇာက တနင်္ဂနွေနေ့က နှိုးဆော်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယတွင် ဘိန်းဖြူ လေးကီလိုကျော် သိမ်းဆည်းရမိ

နယူးဒေလီ ဇွန် ၂၇

အိန္ဒိယနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်သူနှစ်ဦးထံမှ ဘိန်းဖြူ ၄ ဒသမ၅ ကီလိုကိုအိန္ဒိယမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရိုက တနင်္ဂနွေနေ့တွင် သိမ်းဆည်းရမိကြောင်း အင်ဒို-အာရှသတင်းဌာနက ဖော်ပြသည်။

ဥတ္တရပရာဒေ့ရှ် ပြည်နယ်အနီး အာဂရာမြို့မှ ရူပီး၄၅ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉) သန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သယ်ဆောင်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူ နှစ်ဦးကို ဒေလီမြို့ အရှေ့ပိုင်းရှိ ထောင်စုနှစ်ပန်းခြံအနီးတွင် ဖမ်းမိခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့တွင် သိမ်းဆည်း ရမိသည့် အရက်ပုလင်းများကို ဇွန် ၂၇ ရက်က ဖျက်ဆီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ် စူးအက်တူးမြောင်းတွင် ရေကြောင်းလမ်းသစ်ဖောက်မည်

ကိုင်ရို ဇွန် ၂၇

အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က သင်္ဘောများ စူးအက်တူးမြောင်းမှ ဖြတ်သန်းချိန် လျော့နည်းသွားစေရန်အတွက် ရေကြောင်းလမ်းသစ်တစ်ခု ထပ်မံဖောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း မီနာသတင်းဌာနက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ဖော်ပြသည်။ အဆိုပါရေကြောင်းလမ်းသစ် ဖောက်လုပ်ပြီးပါက သင်္ဘောများ စူးအက်တူးမြောင်းအတွင်း ဖြတ်သန်းချိန် ပျမ်းမျှအားဖြင့် နှစ်နာရီခန့် လျော့နည်းသက်သာနိုင်သည်ဟု တူးမြောင်းအာဏာပိုင်အဖွဲ့ အကြီးအကဲ အာမက်အလီဖေဒယ်၏ ပြောကြားချက်ကို ကိုးကားလျက် မီနာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရေကြောင်းလမ်းသစ် ဖောက်လုပ်ရေးအတွက် ပဏာမလေ့လာပြင်ဆင်မှုများ ပြုလုပ်နေပြီး ယင်းရေကြောင်းလမ်းသည် ၂၆ ကီလိုမီတာခန့်ရှည်မည်ဖြစ်သည်ဟု သတင်းဌာနက ဖော်ပြသည်။ ကီလိုမီတာ ၁၉၀ အရှည်ရှိ စူးအက်တူးမြောင်းကို ၁၀ နှစ်ကြာ ဖောက်လုပ်ခဲ့ပြီး ၁၈၆၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အီဂျစ်နိုင်ငံမြောက်ပိုင်းရှိ စူးအက်ကျွန်းဆက်ကုန်းလမ်းကို ဖြတ်သန်းကာ မြောက်မှတောင်ဘက်သို့ ဦးတည်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မြေထဲပင်လယ်ကို ပင်လယ်နီနှင့် ဆက်စပ်ပေးခဲ့သည်။ ယင်းတူးမြောင်းသည် ဥရောပ၊အမေရိကန်နှင့် အာရှဒေသများမှ ဆိပ်ကမ်းမြို့များအတွင်းသွားလာနေကြသည့် သင်္ဘောများအတွက် ဖြတ်လမ်းသဖွယ်ဖြစ်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကြေးမုံ နိုင်ငံတကာသတင်းများ

အင်္ဂလိပ်က လွတ်လပ်ရေးပေးတာစောလို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံ မဖြစ်တာတဲ့

၂၀၀၆ခုနှစ် ဇွန်လ ၁၉ ရက်နေ့က NLD ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ (၆၁)နှစ်မြောက် မွေးနေ့မင်္ဂလာအခါတော်ရက်မြတ်အဖြစ် လက်ကျန် NLD ပါတီဝင်များနှင့် ဝေလေလေဒီမိုကရေစီလေဒီများက ကျင်းပဂုဏ်ပြုကြသတဲ့ခင်ဗျာ။ သို့ကလို မွေးနေ့မင်္ဂလာအခါတော်မြတ်ကို ကျင်းပကြတာဟာ လူတိုင်းလူတိုင်း ပုဂ္ဂိုလ်ကြီးငယ်ရွယ်လတ်၊ အသက်အရွယ်မရွေး ကိုးကွယ်ရာဘာသာအလိုက် ကိုယ့်ဓလေ့ကိုယ့်စရိုက်အတိုင်း ကျင်းပကြတာ ကောင်းမွန်တဲ့ အစဉ်အလာတစ်ရပ်အနေနဲ့ အသိအမှတ်ပြုရမှာဖြစ်တော့ ပေါက်စတို့က ဘာကမျှ ဝင်ရောက်စွက်ဖက် ပြောဖို့ဆိုဖို့ မလိုပါဘူးခင်ဗျား။

သို့သော်လည်းပေါ့လေ၊ အခုဟာက အဲသလိုမျိုး သွေးရိုးသားရိုး မွေးနေ့မင်္ဂလာပွဲကို စိတ်ထားဖြူဖြူစင်စင်၊ မွန်မွန်မြတ်မြတ်ထားပြီး ယဉ်ယဉ်ကျေးကျေး မင်္ဂလာရှိစွာ လုပ်ကြကိုင်ကြတာမျိုးမဟုတ်ဘူးခင်ဗျ။ မြန်မာပြည်သူ ခုနစ်ရက်သားသမီးအားလုံး စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများ မဖြစ်ဖြစ်အောင် စပါယ်ရှယ်အထူးပြုလုပ်ချက်လုပ်သလိုမျိုးနဲ့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို အချိုကြီးစော်ကားပြလိုက်တဲ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အစိုးရအပေါ် မတော်မတရားလုပ်ကြံ ပုတ်ခတ်စွပ်စွဲတဲ့ ဒီမိုကရေစီအတင်းအဖျင်းပြောပွဲနဲ့အတူ ဘယ်လိုမျှ နိုင်ငံရေးအရ တန်ဖိုးမရှိတဲ့ ဒီမိုကရေစီအတင်းအဖျင်း ဖြန့်ဝေစာကိုထုတ်ပြီး နိုင်ငံရေးအမြတ်ထုတ်တဲ့ လုပ်ပွဲကြီး လုပ်ခဲ့ကြသဗျ။

ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်၏ (၆၁)နှစ်မြောက်မွေးနေ့တွင် ထုတ်ပြန်သော ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့၏ စာတမ်းဆိုတဲ့ ဖြန့်ဝေစာပါအချက်အလက်တွေကို ပေါက်စ တစ်ပိုဒ်ချင်း ကောက်နုတ်ရှင်းလင်းသွားပါမယ်ခင်ဗျာ။ အဲဒီလို ရှင်းလိုက်လင်းလိုက်ရင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းက အဲဒီဖြန့်ဝေစာရဲ့တန်ဖိုးကို အလိုလို သိလာလိမ့်မယ်လို့ ပေါက်စ ယုံကြည်သဗျ။

အဲ-ပဏာမအဖွင့်စာပိုဒ်မှာ ဖွင့်ဆိုတာကတော့ "ဇွန်လ ၁၉ရက်နေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတ်မှတ်တာကို မြန်မာပြည်သူတစ်ရပ်လုံးက လက်ခံခဲ့တဲ့အကြောင်း၊ အဲသလိုလက်ခံခဲ့တာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာပြည်သူတစ်ရပ်လုံးရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ ပေါ်ပေါက်အောင် ဖော်ဆောင်ခဲ့တဲ့အတွက် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ မြန်မာပြည်သူလူထုရဲ့ ၈၀ရာခိုင်နှုန်းကျော်ဆန္ဒမဲပေးခဲ့လို့ ဖြစ်တဲ့အကြောင်း၊ အဲဒီလိုပြည်သူလူထုကို ကိုယ်စားပြုတဲ့ နိုင်ငံရေးအဖွဲ့အစည်းကြီးက သတ်မှတ်ခဲ့တဲ့ မြန်မာနိုင်ငံအမျိုးသမီးများနေ့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပဲဖြစ်ကြောင်းဆိုပြီး မိုးချိုးလေချိုး အကြီးအကျယ် ညွှန်းထားသဗျ။

ပြောရရင်တော့ သိပ်မကောင်းလှဘူးခင်ဗျာ။ လက်ကျန် NLD များနဲ့ ဝေလေလေဒီမိုကရေစီလေဒီများဟာ စကားကို ရှေ့နောက်မညီဘဲ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောတတ်တာမျိုးက သူတို့ရဲ့ရိုးရာအစဉ်အလာတစ်ခုလားလို့ ပေါက်စ မေးချင်သဗျ။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့ ၂၀၀၀ပြည့်နှစ် ဇွန်လ ၁၉ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ (၅၅)နှစ်မြောက် မွေးနေ့မင်္ဂလာ အခါတော်မြတ်လုပ်ပွဲလုပ်ခဲ့ကြတုန်းက မွေးနေ့ရှင် ပါတီခေါင်းဆောင် အမျိုးသမီးကိုယ်တိုင်က ဘယ်လိုတွေ နှုတ်ထွက်စကားမိန့်ကြားခဲ့သလဲဆိုရင် "ကျွန်မရဲ့ မွေးနေ့ပွဲကို မြန်မာနိုင်ငံအမျိုးသမီးများနေ့လို့ ဘယ်သူတွေက စလိုက်တယ်ဆိုတာ မသိပါဘူး။ ကျွန်မတို့အဖွဲ့ချုပ်က မဟုတ်ပါဘူး။ နိုင်ငံခြားမှာ ဒီမိုကရေစီအတွက် လှုပ်ရှားနေတဲ့သူတွေက စလိုက်တာဖြစ်ပါတယ်"တဲ့ ခင်ဗျာ။

ကဲ-ဘယ်လိုလဲ ဝေလေလေဒီမိုကရေစီလေဒီများရဲ့ မိုးချိုးလေချိုး စာတမ်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတ်မှတ်တာဖြစ်လို့ ပြည်သူတွေက လက်ခံကြတယ်ဆိုတဲ့ စာပိုဒ်ကြီးဟာ အမှိုက်ခြင်းထဲ ထည့်လိုက်ပါတော့ ခင်ဗျာ။ ပေါက်စ လုပ်ကြံပြောတာ မဟုတ်တဲ့အကြောင်း၊ အဲဒီ မွေးနေ့မင်္ဂလာအခါမြတ်လုပ်ပွဲ မှတ်တမ်းကို ပြန်ကြည့်ရင် သိနိုင်သလို၊ ပါတီခေါင်းဆောင်အမျိုးသမီးကို အခွင့်အခါပေးရင် လက်တို့ပြီး မေးကြည့်ပေါ့ဗျာ။

အခုလို စာတမ်းအစမှာကိုက ချိကတည်းက ယဉ်သကိုးဆိုသလို ဖြစ်နေတော့ အဲဒီစာတမ်းပါ အချက်အလက်တွေကို မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းက မျက်စိအညောင်းခံပြီး ဖတ်လိမ့်မယ်မထင်ဘူးဗျာ။ ဒါပေမယ့် ပြောစရာရှိနေတော့ ဆက်ပြောရဦးမှာပေါ့ခင်ဗျာ။ NLDပါတီခေါင်းဆောင်ရဲ့မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့ သတ်မှတ်ပေးလိုက်တာက နိုင်ငံခြားရောက် ဒီမိုကရေစီလှုပ်ရှားသူများဖြစ်တယ်ဆိုတော့ တိုင်းပြေးပြည်ပြေး ဝရမ်းပြေး အကြမ်းဖက်အုပ်စုရဲ့ ဂုဏ်ပြုချီးမြှောက်မှု၊ သူကောင်းပြုမှုဆိုတာ ထင်ရှားနေတဲ့အတွက် တော်တော်ကြီး ဂုဏ်ယူဖွယ်ကောင်းတဲ့ ကိစ္စဝိစ္စကြီးပေါ့ဗျာ။ အဲသဟာကို ပြည်သူလူထုကြီးတစ်ရပ်လုံးက လက်ခံအသိအမှတ်ပြုတယ်ဆိုတော့ ပေါက်စ ရယ်ရတယ်ဗျာ။

ထို့ပြင်တစ်ဝ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဘယ်လိုတွေဆောင်ကြဉ်းခဲ့သလဲ၊ ဆောင်ကြဉ်းနေသလဲဆိုရင် ရွေးကောက်ပွဲမှာလည်း အနိုင်ရရော ဖွဲ့စည်းပုံ

ပေါက်စ

အခြေခံဥပဒေမရှိဘဲ အာဏာလွှဲခိုင်းသဗျာ။ နိုင်ငံတော်ရဲ့ အနာဂတ်၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်မှာ အေးချမ်းစွာပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းပြန်တော့ အာဏာကလွှဲလို့ ဘာကမျှ လက်မခံနိုင်ဘူးတဲ့ဗျာ။ မောင်ခေါ်ရာမယ်မလိုက်နိုင်ဘူးဆိုပြီး နိုင်ငံနဲ့အဝန်း ဆူပူမှုဖြစ်အောင် လှုံ့ဆော်ခဲ့သဗျာ။ နိုင်ငံခြားသံရုံးအခြေခံပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့ ကြိုးစားခဲ့တာတွေ မန္တလေးမှာ လျှို့ဝှက်အစည်းအဝေးလုပ်ပြီး စင်ပြိုင်အစိုးရဖွဲ့ဖို့ ကြိုးစားရာက မအောင်မြင်ဘဲ နယ်စပ်ကိုထွက်ပြေးခဲ့တာတွေ၊ အမျိုးသားဒီမိုကရေစီပါတီဥက္ကဋ္ဌ စိန်ဝင်းနဲ့ NLD ရွေးချယ်ခံ ကိုယ်စားလှယ်တွေ အပါအဝင် ကိုးဦးသော ပုဂ္ဂိုလ်ကြီးများက KNU နဲ့ ပေါင်းပြီး စင်ပြိုင်အစိုးရဖွဲ့တာအပြင် ပြည်ပနယ်ချဲ့အုပ်စု ဆရာကြီးများရဲ့ထီးကိုင်ဖိနပ်ကိုင် ဘဝနဲ့ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ် စွပ်စွဲတိုက်ခိုက်ဆန့်ကျင်နေတာတွေ၊ တိုင်းပြေးပြည်ပြေး ဝရမ်းပြေးတွေနဲ့ပေါင်းပြီး မြန်မာနိုင်ငံတွင်းမှာ မိုင်းခွဲလူသတ် အဖျက်အမှောင့်လုပ်နေတာတွေ အဲသဟာတွေအားလုံးဟာ NLD နဲ့ အနွယ်တော်များရဲ့ ကြိုးပမ်းလုပ်ဆောင်မှုဖြစ်တဲ့ မြန်မာပြည်သူတွေအတွက် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ခြေရာလက်ရာကြီးတွေပဲဖြစ်သဗျ။

အလားတူပါပဲဗျာ၊ ပြည်တွင်းမှာရှိတဲ့ NLD ပါတီကလည်း နိုင်ငံတော်ရဲ့ အသက်ဝိညာဉ်တမျှ အရေးကြီးလှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ဖို့ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို အားလုံးအိုကေ လက်ခံတယ်ဆိုပြီး တက်ရောက်ညှိနှိုင်းနေရင်းကပဲ ပါတီခေါင်းဆောင် အမျိုးသမီးရဲ့ အမိန့်နဲ့ ဝီစီမှုတ်ခေါ်တော့ ညီလာခံထဲက ကုတ်ကုတ်ကလေးထွက်သွားကြသဗျာ။

သို့ကလိုသော နည်းလမ်းပေါင်းစုံနဲ့ နိုင်ငံတော်အစိုးရဆန့်ကျင်ရေး၊ အမျိုးသားညီလာခံ ပျက်စီးရေးကို နေ့စဉ်ရက်ဆက် မပျက်မကွက် လုပ်နေသလို တစ်ဖက်ကလည်း အနောက်အုပ်စု နိုင်ငံခြားသံရုံးတွေက လာသမျှ သံတမန်များ၊ နိုင်ငံရေးသမားများ၊ ဆီနိတ်တာ အမတ်ဆိုသူ ပုဂ္ဂိုလ်ကြီးများနဲ့ ယနေ့ကာလတိုင် နေ့စဉ် လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို အပုပ်ချ အတင်းပြောပြီး အရောတဝင် သံယောဇဉ် နွှယ်နေတာကလည်း မြန်မာ နိုင်ငံနဲ့ မြန်မာလူမျိုးတွေအတွက် အမျိုးဖျက်တဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ဖော်ဆောင်မှုတွေပေါ့ ခင်ဗျာ။

အဲသဟာနဲ့ တစ်ဆက်တည်းမှာပဲ ပါတီခေါင်းဆောင်အမျိုးသမီးက တွေ့ဆုံဆွေးနွေးမလား၊ အလုံးစုံပျက်သုဉ်းရေးကို ရွေးမလားဆိုပြီး နိုင်ငံတော်အစိုးရကို ဒီမိုကရေစီချဲလင့်လုပ်ခဲ့သဗျာ။ စနေ-တနင်္ဂနွေ ညနေတိုင်း လမ်းဘေးတရားပွဲကို တက္ကသိုလ်ရိပ်သာလမ်း ခြံဘေးမှာ ဒီမိုကရေစီအတင်းအဖျင်းစကားတွေ ပြောလိုပြော၊ သက်ကြီးရွယ်အို တပ်မှူးပြုတ်ကြီးနှစ်ဦးက လူရွှင်တော်လုပ်ပြီး ပါတီခေါင်းဆောင်အမျိုးသမီးက ဒီမိုကရေစီမင်းသမီးအဖြစ်နဲ့ ဒီမိုကရေစီခုနစ်ထွေအငြိမ့်လည်း ကခဲ့ကြသဗျ။

သို့ကလိုသော နည်းလမ်းပေါင်းစုံနဲ့ နိုင်ငံတော်အစိုးရဆန့်ကျင်ရေး၊ အမျိုးသားညီလာခံ ပျက်စီးရေးကို နေ့စဉ်ရက်ဆက် မပျက်မကွက် လုပ်နေသလို တစ်ဖက်ကလည်း အနောက်အုပ်စု နိုင်ငံခြားသံရုံးတွေက လာသမျှ သံတမန်များ၊ နိုင်ငံရေးသမားများ၊ ဆီနိတ်တာအမတ်ဆိုသူ ပုဂ္ဂိုလ်ကြီးများနဲ့ ယနေ့ကာလတိုင် နေ့စဉ်လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို အပုပ်ချအတင်းပြောပြီး အရောတဝင် သံယောဇဉ်နွှယ်နေတာကလည်း မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေအတွက် အမျိုးဖျက်တဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဖော်ဆောင်မှုတွေပေါ့ ခင်ဗျာ။

ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းပေါ့ခင်ဗျာ၊ နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးအရ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်ရင်းနှီးမြှုပ်နှံတာတွေကို လာရောက်မရင်းနှီးကြဖို့၊ ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းတွေကို ပြန်ရုပ်သိမ်းဖို့၊ မြန်မာနိုင်ငံရဲ့ ခရီးသွားနှစ်ကို အသိအမှတ်ပြုပြီး နိုင်ငံတကာဧည့်သည်များ မြန်မာနိုင်ငံကို မလာရောက်ကြဖို့ စတဲ့ အပိတ်အဆို့ အတားအဆီး အနှောင့်အယှက် အဖျက်လုပ်ငန်းများနဲ့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို ဆင်းရဲမွဲတေ ဖွတ်ဘိုးအေများဘဝရောက်အောင် ပို့ဆောင်ဖို့ ကြိုးစားကြတာဟာလဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူတွေအတွက် လူ့အခွင့်အရေး လက်ဆောင်ကြီးများဖြစ်သဗျာ။ အကျိုးဆက်တရားကတော့ မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံ လုပ်သားခြောက်သောင်းကျော်နဲ့ အိမ်ထောင်စုဝင် တစ်သိန်းကျော် အခြေအနေမဲ့ဘဝပျက်တဲ့အထိ ဖြစ်ခဲ့တယ်ဗျာ။

လာသေးသဗျ သာအေးကဆိုသလိုပဲ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီကို ပြည်သူလူထု ၈၀ရာခိုင်နှုန်းကြီးတောင် ထောက်ခံတယ်ဆိုပါကလား။ ပေါက်စတို့ နားလည်ထားတာကတော့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ လမ်းစဉ်ပါတီမဟုတ်ရင် ပြီးရောဆိုပြီး NLD ပါတီကို မဲပေးခဲ့တာဖြစ်သဗျ။ အဲ-ရရှိတဲ့ မဲအရေအတွက်ကို ပြောရရင် ထောက်ခံမဲ ၇၉၃၄၆၂၂မဲသာ ရတာမို့ ဆန္ဒမဲပေးနိုင်သူအားလုံးရဲ့ ၃၁ရာခိုင်နှုန်းသာ ရရှိခဲ့တာ ဖြစ်သဗျ။ ၁၉၉၀ပြည့်နှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၄၇သန်းကျော်ရှိတဲ့အတွက် လူဦးရေအားလုံးနဲ့ယှဉ်ကြည့်ရင် မြန်မာနိုင်ငံ လူဦးရေအားလုံးရဲ့ အစွန်းထွက်ကိန်းဂဏန်းပဲ ထောက်ခံမဲရရှိတာဖြစ်ပါတယ်။ ဒါကို ပြည်သူ ၈၀ရာခိုင်နှုန်းက ထောက်ခံတယ်လို့ ပြောနေဆိုနေတာဟာ အမှန်တရားလား၊ သိသိကြီးနဲ့ ပြည်သူကိုလှည့်စားတာလား၊ ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။

ပြောမယ်ဆိုရင် ၁၉၉၀ပြည့်နှစ်ကာလနဲ့ ၂၀၀၆ခုနှစ်ကာလတို့ရဲ့ ခြားနားတဲ့ကာလအတွင်းမှာ NLDကို ပြည်သူက မထောက်ခံတော့တာ၊ ဖျက်သိမ်းခိုင်းတာတွေအပါအဝင် ပါတီဝင်တွေက လက်ပြနှုတ်ဆက်နုတ်ထွက်နေတဲ့ အခြေအနေတွေဟာ NLD ကို ပြည်သူက ဘယ်လိုသဘောထားသလဲဆိုတာ ပေါက်စ အထူးမပြောလိုတော့ဘူးဗျာ။

ကဲ-ထားလိုက်ကြဦးစို့ခင်ဗျာ၊ အဲဒီစာတမ်းမှာ ဆက်ပြီးဆိုထားတာက သူတို့ပါတီရဲ့ ခေါင်းဆောင်အမျိုးသမီးဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများအတွက် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးရရှိဖို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ စွန့်လွှတ်အနစ်နာခံဆောင်ရွက်နေသူဖြစ်လို့ လူထုခေါင်းဆောင် အမည်နာမကို ကမ္ဘာ့ထိုးမော်ကွန်းတင်ခဲ့တဲ့အကြောင်း ကောင်းချီးစကားတွေနဲ့ ဂုဏ်ပြုအမွှမ်းတင်ထားသဗျ။

ဘယ်လိုတွေလဲခင်ဗျာ၊ လူထုခေါင်းဆောင်ဆိုတာ လူထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ အမျိုးသားရေးခေါင်းဆောင်ဖြစ်တာကို နားမလည်ဘူးလားခင်ဗျာ။ ပါတီခေါင်းဆောင်တစ်ယောက်ကို လူထုခေါင်းဆောင်အဖြစ် ဘယ်လူထုကမျှ အသိအမှတ်မပြုသလို၊ ဘယ်နိုင်ငံရဲ့အမျိုးသားနိုင်ငံရေး သမိုင်းမှာမျှမရှိခဲ့ဘူးခင်ဗျ။ မရှိတာကိုအရှိလုပ်၊မဟုတ်တာကို အဟုတ်ပြောပြီး နှုတ်သဘော ဝစီကံစရိုက်တွေက NLD ပါတီရဲ့ ဝေလေလေဒီမိုကရေစီလေဒီများကို ကံကြီးထိုက်မှာ ပေါက်စ ကြားကနေ အခမဲ့သနားနေသဗျ။

ရှင်းရှင်းလေးခင်ဗျ၊ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာနိုင်ငံရဲ့ အာဇာနည် အမျိုးသားခေါင်းဆောင်ကြီးတွေဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုတိုက်ပွဲကာလ တစ်လျှောက်လုံးမှာ သူ့ကျွန်မခံဇာတိမာန်နဲ့ နိုင်ငံအတွက် အသက်စတေးပေးဆပ်ခဲ့သူတွေဖြစ်သဗျ။ ဒီနေရာမှာ စကားလမ်းကြုံလို့ ပေါက်စပြောရရင် ၁၉၈၉ခုနှစ်ကာလက ပါတီဖွဲ့စည်းခဲ့ကြတော့ နိုင်ငံရေးပါတီပေါင်း ၂၃၃ ပါတီ အထိ ဖွဲ့စည်းခဲ့ကြတယ်ဗျ။ အဲဒီနောက် ဦးနု၊ ဝိဇ္ဇုရသခင်ချစ်မောင်၊ ဗိုလ်ကြာညွန့်တို့ ခေါင်းဆောင်ပြီး စုစည်းထားတဲ့ ပါတီပေါင်း ၁၅၈ပါတီအနေနဲ့ ပါတီပေါင်းစုံညီညွတ်ရေး သဘောတူညီမှုရယူခဲ့သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့လည်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

❒ **စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်**

ပါတီပေါင်းစုံ ညီညွတ်ရေးအတွက် ပါတီခေါင်းဆောင်အမျိုးသမီးကို သွားရောက်ဆွေးနွေးခဲ့ကြသဗျာ။

သို့ကလိုသွားရောက်ဆွေးနွေးတော့ ပါတီခေါင်းဆောင်အမျိုးသမီးက ဘယ်လို ပြန်ဆွေးနွေးသလဲဆိုရင် NLD ပါတီအနေနဲ့ ပေါင်းစည်း ၃၃ပါတီ စည်းရုံးပြီးဖြစ်ကြောင်း၊ အဲဒီပါတီများကို လက်အောက်ခံပါတီများအဖြစ် စည်းရုံးထားတာဖြစ်ကြောင်း၊ အခု ပါတီပေါင်းစုံညီညွတ်ရေးကိစ္စမှာလည်း NLD ပါတီနဲ့ တစ်တန်းတည်းထားပြီး ပေါင်းစည်းရမယ်ဆိုရင် လက်မခံနိုင်ကြောင်း၊ အဲသလိုမဟုတ်ဘဲ သူ့ရဲ့အစီအမံနဲ့ ခေါင်းဆောင်မှုကို လက်ခံမယ်ဆိုရင် NLD ပါတီရဲ့ လက်အောက်ခံပါတီအဖြစ် ခွင့်ပြုမယ့်အကြောင်း၊ သူ့အနေနဲ့ အမတ်ဦးရေ ၄၅၀မှာ ၂၅၀ရဖို့ သေချာနေကြောင်း၊ သူ့အနေနဲ့ သီးခြားအစိုးရအဖွဲ့ကို အခုထဖွဲ့နိုင်ကြောင်း၊ ဘယ်သူ့ကိုမျှ အားကိုးဖို့မလိုကြောင်း၊ အခုဆိုရင် တစ်နိုင်ငံလုံးက အဘိုးကလည်း စုကြည်၊ အဘွားကလည်း စုကြည် သီချင်းတောင်စပ်ထားပြီဖြစ်ကြောင်း၊ သူ့အနေနဲ့ သူ့ဖခင်ထက်ပင် စည်းရုံးရေးပိုကောင်းနေကြောင်း ဖခင်ထက် ပိုအောင်မြင်နေကြောင်း" ပြန်ကြားဆွေးနွေးခဲ့တယ်တဲ့ဗျာ။

ဘယ့်နှယ်လဲခင်ဗျာ၊ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ အမျိုးသားခေါင်းဆောင်ကြီးရဲ့သမီးဆိုပြီး စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတဲ့ ကိုယ့်ဘဝကို မေ့နေသလို မြန်မာနိုင်ငံမှာရှိရှိသမျှ နိုင်ငံရေးပါတီအားလုံးရဲ့ ခေါင်းဆောင်အဖြစ် သရဖူဆောင်းပြီး တစ်ဦးတည်းသော အာဏာရှင်ဘဝကို စိတ်ကူးယဉ်နေတဲ့ ပါတီခေါင်းဆောင်အမျိုးသမီးကို လူထုခေါင်းဆောင်လို့ ဘယ်နိုင်ငံရေးသုခမိန်နဲ့ အဘယ်မည်သောပြည်သူတို့ကမျှ အသိအမှတ်မပြုပါဘူးခင်ဗျာ၊ လူထုခေါင်းဆောင် အမျိုးသားခေါင်းဆောင်ဆိုတာ ကိုယ့်အုပ်စု ကိုယ့်ပါတီတစ်ခုတည်းက ကျီးဘုတ်မြှောက်၊ ဘုတ်ကျီးမြှောက်သလို မြှောက်လို့မရသလို ဘယ်လိုအကြံအဖန် နိုင်ငံတကာဆုတွေ၊ ဘွဲ့တွေနဲ့မှလည်း ဝယ်ယူလို့မရပါဘူး၊ နိုဘယ်ဆုအပါအဝင် ဆုပေါင်း ၈၂ဆုကြီးများတောင် ရရှိခဲ့လို့ ပါတီခေါင်းဆောင် အမျိုးသမီးဟာ ဒီမိုကရေစီမိခင်ကြီး၊ လူထုခေါင်းဆောင်ကြီးအဖြစ် ပြည်သူတစ်ရပ်လုံးက အသိအမှတ်ပြုနေတယ်ဆိုပါကလားခင်ဗျား။

ရှင်းရှင်းလေးခင်ဗျ၊ NLD ပါတီခေါင်းဆောင်အမျိုးသမီးကို နိုဘယ်ဆု ချီးမြှင့်ခဲ့တဲ့အတွက် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါနဲ့ သိက္ခာရှိခဲ့တဲ့ နိုဘယ်ဆုဟာ လူရယ်စရာဖြစ်ခဲ့ရသကောဗျာ။ နိုဘယ်ဆုအတွက် မူလ သတ်မှတ်ခဲ့တဲ့စံနှုန်းတွေ၊ အရည်အချင်းတွေနဲ့ တိုက်ဆိုင်ကြည့်လိုက်ရင် NLD ပါတီခေါင်းဆောင်အမျိုးသမီးနဲ့ နိုဘယ်ဆုဟာ တခြားစီခင်ဗျ၊ ဘယ်လိုအုပ်စုတွေက ဘယ်လိုအကြံအဖန်တွေနဲ့ ပါတီခေါင်းဆောင် အမျိုးသမီးကို နိုဘယ်ဆုပေးတယ်ဆိုတာ ဆောင်းပါးရှင်တွေအထပ်ထပ် ရေးပြီးဖြစ်လို့ ပေါက်စ အထူးအထွေ ပေမရှည်တော့ဘူးဗျာ၊ အဲသလိုပဲ အခြားသောဆုတွေကလည်း မြန်မာနိုင်ငံမှာပါတီခေါင်းဆောင်အမျိုးသမီးက တစ်ခုခုဆူပူအုံကြွအောင် ရုတ်ရုတ်လုပ်လိုက်တိုင်း နောက်ပိုင်းက မဆိုင်းမတွဘဲ ဘာညာသာရကာဆုတွေကို ချီးမြှင့်ပြီး ဂုဏ်ပြုလိုက်လုပ်နေကြတာဟာ သူတို့ကြိုးဆွဲတဲ့အရုပ်ကို သူတို့ဆေးသုတ် အရောင်တင်ပြီး လူရာဝင်အောင် ကြိုးစားနေကြတာပါကလားလို့ ပေါက်စ တရားကျစွာ ခံစားနားလည်ထားပါတယ်ခင်ဗျာ၊ ကမ္ဘာပေါ်မှာ ကမ္ဘာ့ပြည်သူတွေရဲ့ ငြိမ်းချမ်းရေး၊ စားဝတ်နေမှုဖူလုံရေး၊ ကျန်းမာရေးကအစ လူမှုဘဝတွေမြင့်မားအောင် စွမ်းဆောင်နေကြတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေတောင် NLD ပါတီခေါင်းဆောင်လောက် ဘွဲ့ထူးဂုဏ်ထူးတွေ မရခဲ့ကြဘဲ NLD ပါတီခေါင်းဆောင် အမျိုးသမီးကျမှ ဆုတွေ တထောကြီးရနေတာကလဲ ကမ္ဘာ့ပြည်သူများအနေနဲ့ နားမျက်စိလည်စရာပါပဲခင်ဗျာ။

ပြောစရာရှိသမျှပြောရရင် NLD **ပါတီခေါင်းဆောင်အမျိုးသမီးကို ဒီမိုကရေစီ မိခင်ကြီး၊ လူထုခေါင်းဆောင်ကြီးဆိုတဲ့ ဘွဲ့တံဆိပ်ခတ်နှိပ် ချီးမြှင့်ထားပြန်သဗျ၊ အဲဒီ ဒီမိုကရေစီမိခင်ကြီးရဲ့ ဒီမိုကရေစီသဘောတရားကို မြန်မာပြည်သူများ မြည်းစမ်းကြည့်ဖို့ ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ နှုတ်ထွက်စကားကို ပေါက်စလက်ဆင့်ကမ်းမျှဝေပေးပါမယ်ခင်ဗျ၊ အဲသဟာကတော့ အခြားမဟုတ်ပါဘူးခင်ဗျား၊ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာမျှ မရှိခဲ့ဖူးတဲ့၊ မရှိသေးတဲ့၊ လွှတ်တော်မရှိသေးဘဲ လွှတ်တော်ကိုယ်စားပြုကော်မတီဆိုတာကြီးကို ဖွဲ့စည်းခဲ့တဲ့ ၁၉၉၈ခုနှစ်မှာပေါ့ခင်ဗျာ၊ ပါတီခေါင်းဆောင်အမျိုးသမီးက ပါတီတွင်း ဒီမိုကရေစီအတင်းအဖျင်းစကားဝိုင်းမှာ ဘယ်လိုတွေမိန့်ကြားသလဲဆိုရင် ဂျပန်နိုင်ငံကို ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်အနေနဲ့ အဏုမြူဗုံးကြဲတာဟာ ဂျပန်နိုင်ငံမှာ ဒီမိုကရေစီတည်ထောင်ဖို့ဖြစ်တဲ့အတွက် အမေရိကန်ကို ကျေးဇူးတင်ရမှာဖြစ်တယ်တဲ့ခင်ဗျ၊ အဲသလိုပဲ အိန္ဒိယနိုင်ငံကို အင်္ဂလိပ်က အချိန်ကြာကြာအုပ်ချုပ်ပြီးမှ လွတ်လပ်ရေးပေးလို့ အိန္ဒိယနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံအဖြစ်ရှိနေတာ၊ မြန်မာနိုင်ငံကို အင်္ဂလိပ်က လွတ်လပ်ရေးပေးတာစောလို့ ဒီမိုကရေစီနိုင်ငံမဖြစ်တာတဲ့ ခင်ဗျာ။**

ရှင်းပါတယ်နော်၊ NLD ပါတီခေါင်းဆောင်အမျိုးသမီးက ဂျပန်နိုင်ငံကို အမေရိကန်က အဏုမြူဗုံးကြဲခဲ့လို့ ဂျပန်ပြည်သူတွေ သိန်းချီပြီး သေခဲ့တာတွေ၊ အဏုမြူဗုံးကြဲခံရပြီးကာလနောက်ပိုင်းမှာ ဂျပန်ပြည်သူတွေ အဏုမြူအဆိပ်သင့်လို့သေသူသေ၊ ခန္ဓာကိုယ်ပျက်သူပျက်နဲ့ သန်းချီပြီး သေကျေဒဏ်ရာရတာတွေကို စာနာထောက်ထားနားလည်မှု မရှိဘဲ အမေရိကန်ကို ဒီမိုကရေစီကျေးဇူးရှင်အဖြစ် ကျေးဇူးတွေတင်ပြနေတာဟာ နှစ်စဉ်နှစ်တိုင်း အဏုမြူဗုံးဆန့်ကျင်ရေးဆန္ဒပြပွဲတွေ နိုင်ငံနဲ့အဝန်းကျင်းပနေတဲ့ ဂျပန်ပြည်သူတွေအပေါ် အချိုကြီးစော်ကားလိုက်တာပဲခင်ဗျာ။

အဲဒီ–မဟတ္တမဂန္ဒီကြီးကအစ ပဏ္ဍစ်နေရူးအလယ်၊ အိန္ဒိယလွတ်လပ်ရေး ခေါင်းဆောင်အားလုံးရဲ့ လွတ်လပ်ရေးတိုက်ပွဲကြောင့် မလွှဲမကင်းသာ လွတ်လပ်ရေးပေးလိုက်ရတဲ့ အင်္ဂလိပ်အစိုးရကို အိန္ဒိယနိုင်ငံရဲ့ ဒီမိုကရေစီကျေးဇူးရှင်များအဖြစ် ချီးကျူးဂုဏ်ပြုနေတဲ့ NLD ပါတီခေါင်းဆောင် အမျိုးသမီးဟာ ဘယ်လို ဒီမိုကရေစီ မိခင်လဲခင်ဗျာ၊ ဘယ်လိုလူထုခေါင်းဆောင် အတန်းအစားလို့ သတ်မှတ်မလဲခင်ဗျာ၊ NLD ပါတီက ဝေလေလေဒီမိုကရေစီလေဒီကြီးများ ဖြေရဲသလားခင်ဗျာ။

သို့ကလိုပါပဲ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေအသင်းကြီးတွေနဲ့ တို့ဗမာအစည်းအရုံးကြီးအပါဝင် ဖဆပလအဖွဲ့၊ မြန်မာ့တပ်မတော်တို့နဲ့အတူ မြန်မာပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွတဲ့ အမျိုးသားရေးဇာတိမာန်နဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြီးပမ်းမှုဖြစ်တဲ့ လွတ်လပ်ရေးတိုက်ပွဲကြီးတွေမှာ ပြည်သူတွေရဲ့ အသက်သွေး၊ ချွေးတွေ နယ်ချဲ့ဆန့်ကျင်ရေး အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အသက်သွေးချွေးတွေနဲ့ စတေးပေးဆပ်ပြီးမှရခဲ့တဲ့ လွတ်လပ်ရေးကို အင်္ဂလိပ်နယ်ချဲ့သမားက လိုလိုလားလား၊ အလွယ်တကူပေးခဲ့လို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံမဖြစ်ခဲ့တာဆိုပြီး မြည်တွန်တောက်တီး ညည်းညူနေတဲ့ NLD ပါတီခေါင်းဆောင် အမျိုးသမီးဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီမိခင်ကြီး၊ လူထုခေါင်းဆောင်ကြီးဖြစ်တယ်လို့ နှုတ်ထွက်ရဲရဲကြေညာရဲတဲ့ NLD က ဝေလေလေဒီမိုကရေစီလေဒီကြီးများကိုတော့ ပေါက်စအနေနဲ့ လက်လန်တယ်ဗျာ။

တစ်ခါတစ်ခါတော့လည်း မပြုံးဘဲနဲ့ ဝါးလုံးကွဲရယ်ရလောက်အောင် NLD ပါတီခေါင်းဆောင် အမျိုးသမီးက တပ်မတော်ကို နှုတ်ခလုတ်တိုက်ပြီး ပြောတတ်တာက ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်ဟာ ဒီလိုမဟုတ်ဘူး၊ ဟိုလိုမဟုတ်ဘူးဆိုတာကတစ်မျိုး၊ ဖေဖေဖြစ်စေချင်တဲ့ တပ်မတော်က အခုလိုမျိုး မဟုတ်ဘူးဆိုပြီး ဆရာကြီးလုပ်၊ မင်္ဂလာယူနေတာမျိုးပေါ့ဗျာ။ အဲ–ပေါက်စအမြင်အရ ရှင်းရှင်းပြောရရင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တပ်မတော်ခေါင်းဆောင်ကြီးများချမှတ်ခဲ့တဲ့ အမျိုးသားရေးလမ်းစဉ်အပေါ်မှာ အဆက်ဆက်သော တပ်မတော်မျိုးဆက်သစ်ခေါင်းဆောင်တွေဟာ မသွေမဖည်ဘဲ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးကြီးအစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် အသက်သွေးချွေးတွေ ပေးဆပ်စွန့်လွှတ်ရင်းနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ခဲ့၊ စောင့်ရှောက်နေတာ၊ ဂန္ထဝင်မြောက် အမျိုးသားရေးမော်ကွန်းကြီးတွေ အခိုင်အမာရှိနေပါတယ်ခင်ဗျာ။

တစ်ခုပဲမေးစရာရှိပါတယ်၊ NLD ပါတီခေါင်းဆောင်အမျိုးသမီးရဲ့ ဘဝဖြတ်သန်းမှုကကော ဖခင်ဖြစ်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်စေချင်သလို ဖြည့်ဆည်းခဲ့သလား။ အဘေးဖြစ်သူ ဗိုလ်မင်းရောင်ကို ခေါင်းဖြတ်သတ်ပြီး ဖခင်ဖြစ်သူဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ကြီးတွေကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ အမျိုးအနွယ်ကိုမှ ရွေးချယ်ကာ အိမ်ဦးနတ်အဖြစ် စုလျားရစ်ပတ်လက်ထပ်ခဲ့တာဟာ ဖခင်ဖြစ်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်စေချင်တဲ့ ဘဝလားလို့ NLD ပါတီက ဝေလေလေဒီမိုကရေစီလေဒီကြီးတွေကို ပေါက်စမေးရင် ဘယ်လိုဖြေကြမလဲခင်ဗျာ။

အဲ–တစ်ဆက်တည်းပြောရရင် မနိုင်းကောင်း မနိုင်းအပ်ဆိုသလို ခပ်ပြာနှင့်ရွှေစင် ပလ္လင်နဲ့ခွေးခုတက် ဆက်စပ်လို့မရနိုင်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုဆိုတဲ့ သမိုင်းဝင်လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာအမျိုးသမီးသူရဲကောင်းကြီးတွေကို ကိုးကားကောက်နုတ် စာရင်းလုပ်ပြနေတာကလည်း မဆီလေးရယ်တဲ့ မဆိုင်ပါခင်ဗျာ။

ဘာလို့လဲဆိုတော့ ဂန္ထဝင်မြောက် လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာအမျိုးသမီးတွေဟာ နယ်ချဲ့အင်္ဂလိပ်ရဲ့ ဖိနှိပ်မှုကို ဆန့်ကျင်တော်လှန်တဲ့နေရာမှာ ဘယ့်ကလောက်ရဲရင့်ပြတ်သားသလဲဆိုရင် တောင်သူလယ်သမားအရေးတော်ပုံ အကြိုကာလမှာ ဝံသာနုခေါင်းဆောင်တွေနဲ့အတူ ရွာစဉ်လိုက်ပြီး တရားဟောနေတဲ့ သုံးဆယ်မြို့နယ် ဖြူလေးကျေးရွာက ဒေါ်စိန်ပွင့်ဟာ ဝံသာနုခေါင်းဆောင်တွေကို သရော်လှောင်ပြောင်စော်ကားနေတဲ့ အင်္ဂလိပ်မြင်းစီးပုလိပ်ရဲ့ ပါးစပ်ကို ဖိနပ်နဲ့ချခဲ့လို့ ထောင်တစ်လကျခဲ့ရသလို၊ ၁၉၃၈ ခုနှစ် ရေနံမြေသပိတ်တိုက်ပွဲမှာလည်း အင်္ဂလိပ်အရေးပိုင်ကို သခင်မဒေါ်အေးသန်းက ပါးရိုက်ခဲ့တဲ့အတွက် အင်္ဂလိပ်အစိုးရက ထောင်ချခဲ့တယ်ဗျာ။

သို့ကလိုသော နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာကြီးမားခဲ့တဲ့ မြန်မာအမျိုးသမီးများရဲ့ သမိုင်းဝင် နယ်ချဲ့ဆန့်ကျင်ရေးအမွေကို NLD ပါတီခေါင်းဆောင် အမျိုးသမီးနဲ့အတူ ဝေလေလေဒီမိုကရေစီလေဒီကြီးများက ဘယ်လိုဆက်ခံထိန်းသိမ်းနေကြသလဲဆိုတာ မြန်မာပြည်သူခုနစ်ရက်သားသမီးများရဲ့ မျက်စိရှေ့မှောက်မှာ မြင်နေကြားနေ သိနေတဲ့အတိုင်း ပြည်ပအားကိုး ပုဆိန်ရိုးအလုပ်တွေနဲ့ တိုင်းဖျက်ပြည်ဖျက် နှောင့်ယှက်နေတဲ့ အဖျက်လုပ်ငန်း သံသရာထဲမှာ တဝဲဝဲရယ်တဲ့ တလည်လည်ဖြစ်နေတော့ မြန်မာအမျိုးသမီးများနေ့ကို မယ်ပိုင်စီးပြီး လက်ဝါးအုပ်ရင်း မြန်မာအမျိုးသမီးတွေရဲ့ သမိုင်းကြောင်းကောင်းမွေကို ဖျက်ဆီးကြမယ်ဆိုရင် နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အလာကြီးတဲ့ မြန်မာအမျိုးသမီးထုကြီးရဲ့ ဆန့်ကျင်ဒဏ်ခတ်မှုကြီးကို မလွှဲမသွေခံရမှာပဲဖြစ်တယ်ခင်ဗျာ။

ကဲ–ပေါက်စ စကားကို အနားသတ်ပြီးဖြတ်ရရင် NLD ပါတီခေါင်းဆောင် အမျိုးသမီးကို လူထုခေါင်းဆောင်ကြီး၊ ဒီမိုကရေစီမိခင်ကြီးအဖြစ်နဲ့ သူ့ရဲ့မွေးနေ့ကို မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ကြတဲ့ တိုင်းပြေး ပြည်ပြေးဝရမ်းပြေး အကြမ်းဖက်အုပ်စုတွေနဲ့ NLD ပါတီက ဝေလေလေဒီမိုကရေစီ လေဒီကြီးများရဲ့ ဖြန့်ဝေစာဟာ "ထန်းပလပ်စုတ်ကို နတ်ရုပ်လုပ်ကိုးကွယ်တာပဲဖြစ်တယ်" လို့ ပေါက်စ စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ် ခင်ဗျား။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်းမှ ဒေါ်ခင်ပို၏ မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဓမ္မာစရိယ B.A အရှင်ကောသလ္လ(မြန်အောင်) ရှေ့မှောက်၌ ဇွန် ၄ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သုမန ၂လမ်းနေ ဒေါ်လုံးမိသားစုမှ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ သာသနာဒီပသဲအင်းဂူကျောင်းတိုက်ကြီး၏အဝင် မဂ္ဂင်လမ်းမကြီးခင်းရန်အတွက် တတိယအကြိမ် အလှူတော်ငွေ ကျပ် ၁၀သိန်းနှင့် ဝါဆိုသင်္ကန်းကို ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒထံသို့ ဇွန် ၂၅ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၁၈ ရက်က မော်လမြိုင်မြို့ လေးထပ်ဈေးရှေ့ ဦးမင်းသိန်းမြင့်–ဒေါက်တာသစ်သစ်လွင်ဌေး "ကောင်းလာဘ်" ရတနာရွှေဆိုင်မိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် လက်ခံရယူစဉ်။ (၃၀၇)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မကွေးမြို့မှ ဒေါက်တာဦးမြင့်ဆန်း–ဒေါ်ခင်ခင်ဦး၊ သားမောင်ကောင်းဝေလျံ၏ မွေးနေ့အလှူအဖြစ် ငွေကျပ်၁၀၀၀၀၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သံတောင်ဒေသမှ

များကို လည်းကောင်း၊ အဓိကသီးနှံ ၁၀မျိုးနှင့် နှစ်ရှည်စက်မှုကုန်ကြမ်းသီးနှံရော်ဘာ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှုနှင့် မွေးမြူရေး လုပ်ငန်းများ အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီး တစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ တိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သော ဒေသများအား ဖွံ့ဖြိုးတိုးတက်လာစေရန် အစီအမံရှိရှိ ဆောင်ရွက်နေခြင်းအပေါ် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ကြပြီး နိုင်ငံတော်အပေါ် ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သံတောင်ဒေသ၌ စိုက်ပျိုးရန် မြေလွတ်မြေရိုင်းများစွာ ရှိနေသေးရာ စိုက်ဧက တိုးတက်ရရှိရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် နိုင်ငံတော်မှ သတ်မှတ်ထားသော မိုးစပါးအပါအဝင် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူတို့ကို သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးကြစေလိုကြောင်း၊ အလားတူဒေသ၌ ဖြစ်ထွန်းသည့်လက်ဖက်၊ ကော်ဖီနှင့် ငရုတ်ကောင်း၊ စင်ကိုနာဖာလာတို့ကိုလည်း တိုးချဲ့ စိုက်ပျိုးကြစေလိုကြောင်း၊ ဒေသ၌ လာရောက်တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများ အနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများကို ဆတက်ထမ်းပိုးတိုးပြီး အောက်ခြေအထိ ဆင်း၍ လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရှင်းရှင်းနီးနီးနှုတ်ဆက်သည်။

စိုက်ပျိုးလျက်ရှိ

သံတောင်မြို့နယ်တွင် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး၁၄၀၄၆ဧက၊ နွေစပါး၁၂၅ဧက၊ မိုးမြေပဲ၁၂၅၇ဧက၊ ဆောင်းမြေပဲ ၄၄၂ ဧက၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ နေကြာနှင့် ပဲစင်းငုံ ဧက ၃၀၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး ကော်ဖီ၇၃၂၇ဧက၊ လက်ဖက် ၉၃၈ ဧက၊ ဖာလာ ၇၅၂၅ ဧက၊ ငရုတ်ကောင်း ၅၂၄ဧက၊ စင်ကိုနာ ဧက ၂၃၀၊ တညင်း၇၆၆၁ ဧက နှင့်ဒူးရင်း ၁၄၆ ဧကတို့ကို စိုက်ပျိုးလျက်ရှိသည်။

နှစ်ရှည်သီးနှံ

နှစ်ရှည်သီးနှံဖြစ်သည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို၂၀၀၅-၂၀၀၆ခုနှစ်တွင် ၂၈၁၇ဧက စိုက်ပျိုးထားရှိပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဧက ၄၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၁၅၀၀၀၀ ကို ပြုစုပျိုးထောင် ထားလျက်ရှိသည်။ အလားတူ ခြံစည်းရိုးကြက်ဆူဧကငါးသောင်းကိုလည်း သုံးနှစ်စီမံကိန်း ချမှတ် စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူဧက တစ်သောင်းကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတောင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ ငွေပဒေသာပင်အတွက် အလှူငွေများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သံတောင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာဆေးရုံ တက်ရောက်ကုသလျက်ရှိသည့်လူနာများအား နှုတ်ဆက်အားပေးစကား ပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းက လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သံတောင်မြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင်နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတောင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကင်းမြီးကောက်မှ

ဦးနှောက်ကင်ဆာတစ်မျိုးကို ကုသပေးနိုင်ရန် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကင်းဘရစ်ဂျ်မြို့ရှိ ထရန်မော်လီကျူလာကော်ပိုရေးရှင်းမှ သိပ္ပံပညာရှင်များက ကြိုးပမ်းလျက်ရှိသည်။

သိပ္ပံပညာရှင်များသည် ဂလီယိုမာ (glioma) ကင်ဆာရောဂါကို ကင်းမြီးကောက် အဆိပ်သုံး၍ ကုသပေးနိုင်ရန် နည်းလမ်းများရှာဖွေလျက်ရှိပြီး စမ်းသပ်မှုများကိုလည်း ပြုလုပ်နေပြီဖြစ်သည်။ ဂလီယိုမာ ကင်ဆာရောဂါသည် ဦးနှောက်နှင့်ကျောရိုးနဗ်ကြောစည်းကို ဝန်းရံထားသော တစ်ရှူးမှ ပေါ်လာသည့် ကင်ဆာရောဂါဖြစ်သည်။

သိပ္ပံပညာရှင်များသည် ကင်းမြီးကောက်အဆိပ်၏ပရိုတင်းကို ရေဒီယိုသတ္တိကြွမှုရှိသော ပရိုတင်းအဖြစ်သို့ ပြုပြင်ပြောင်းလဲလိုက်ပြီး TM-601 ဟူ၍ ခေါ်တွင်သော ယင်းပရိုတင်းကို ဂလီယိုမာကင်ဆာရောဂါဝေဒနာသည်များအား ထိုးနှံပေးကာ စမ်းသပ်လေ့လာသွားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် နှစ်စဉ် ဂလီယိုမာ ကင်ဆာရောဂါဝေဒနာရှင် ၁၇၀၀၀ခန့်ရှိပြီး ယင်းကင်ဆာရောဂါဖြစ်ပွားနေသည်ဟု ရောဂါစစ်တမ်းထုတ်နိုင်သည့် ပထမနှစ်အတွင်းမှာပင် သက်ဆိုင်ရာ လူနာမှာသေဆုံးရလေ့ရှိသည်ဟုဆိုသည်။ အင်တာနက်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၅၉)ကြိမ်မြောက်

ဗဟိုကောင်စီအစည်းအဝေး

၂၀၀၆ ခုနှစ်၊ ဇွန်လ (၂၉) ရက်မှ (၃၀)ရက်အထိ

သုနာပြုတက္ကသိုလ်(အောက်မြန်မာပြည်)၊ ရန်ကုန်မြို့။

ကုန်သည်/ စက်မှုဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံမှဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက် အတွင်းရေးမှူး (၁) ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်တို့အား အိန္ဒိယသမ္မတနိုင်ငံ အခြေစိုက် Apexlynx Agritech Systems မှ ဥက္ကဋ္ဌဖြစ်သူ Mr. Barhm Majithia သည်လည်းကောင်း **(ယာပုံ)၊** အိန္ဒိယသမ္မတနိုင်ငံ Indo-Myanmar Chamber of Commerce & Industries မှ ဥက္ကဋ္ဌ Mr. G.L Goenka ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် လည်းကောင်း ဇွန်၂၆ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ အသီးသီးလာရောက်တွေ့ဆုံသည်။

(သတင်းစဉ်)

လူတိုင်းအတွက် အင်တာနက်အကြောင်းဟောပြောမည်

ရန်ကုန် ဇွန် ၂၈

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) ကကြီးမှူး၍"လူတိုင်းအတွက် အင်တာနက်" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို လှိုင်မြို့နယ် Myanmar Info-Tech ရှိ Conference Hall ၌ ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နားထောင်ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အဝေးပြေးကားဝင်းအတွင်း ကြက်ဆူပင်၃၆၀၀စိုက်ပျိုးထားရှိမှုကို ဇွန်၂၆ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ဇွန် ၂၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေ အတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလုပ်ရှားမှုအဖွဲ့များဖြစ်ကြသည့် အမျိုးသမီးရေးရာမဂ္ဂဇင်း ထုတ်ဝေရေးအဖွဲ့၊ တေးသီချင်း၊ ပညာပေးရုပ်မြင်သံကြားဇာတ်လမ်း၊ ဆွေးနွေးခန်းများ ထုတ်လွှင့်ရေးအဖွဲ့၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ ဆောင်ပုဒ်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ စာတမ်းဖတ်ပွဲ အခမ်းအနားဖြစ်မြောက်ရေးနှင့် ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်များ စိုက်ထူရေးအဖွဲ့၊ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးအဖွဲ့နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး အထောက်အကူပြုအဖွဲ့များဖြစ်ကြသည့် ဖိတ်ကြားရေးနှင့် အခမ်းအနား ဖြစ်မြောက်ရေးအဖွဲ့၊ အခမ်းအနား ပြင်ဆင်ရေးအဖွဲ့၊ အခမ်းအနား ကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားဧည့်ခံကျွေးမွေးရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ ဆုချီးမြှင့်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊လုံခြုံရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ ဓာတ်ပုံပြကွက် ခင်းကျင်းပြသရေးအဖွဲ့နှင့် မိန့်ခွန်းပြုစုရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

☆ ကြီးအုံ-ကြီးဝမှ

ဦးထွန်းအောင်လွင်က ပင်မတမံလုပ်ငန်းတွင် တမံထိပ်ပိုင်း မြေဖို့လုပ်ငန်းဆောင်ရွက်မှု၊ ရေပိုလွှဲလုပ်ငန်း အောက်ခြေမြေသား ရှင်းလင်းမှုဆောင်ရွက်ချက်များ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန် လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ မုန်းရေလှောင်တမံ၏ ရေဝင်မှု၊ ရေအသုံးချမှု အခြေအနေကို ညွှန်ကြားရေးမှူး ဦးတင်ဝင်းက တင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်း၌ တည်ဆောက်လျက်ရှိသည့် ပင်မတမံမြေဖို့လုပ်ငန်းကို ရှုရပ်အမြင့်ပိုင်းမှ ကြည့်ရှုပြီး ရေပိုလွှဲ တည်ဆောက်မည့်နေရာ၌ ဘူမိဗေဒ မြေသားစမ်းသပ်နေမှုကို လည်းကောင်း၊ ပင်မတမံတည်ဆောက် နေစဉ် မုန်းချောင်းရေကို လွှဲပေးသည့် ရေလွှဲမြောင်းနှင့် လုပ်ငန်းသယ်ပို့ယာဉ်များ အသုံးပြုသည့် ရေလွှဲမြောင်းဖြတ်တံတားကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွှေစက်တော်ဘုရား အထက်ခြေတော်ရာ မြေထိန်းနံရံ ပြုပြင်မှုကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ကန်ပြားကျေးရွာ၌ ရေဆင်း(၈)နှမ်းဖြူ စိုက်ခင်းများကို ကြည့်ရှုပြီး နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံကာ မျိုးသန့်အသုံးပြု၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်မှုနည်းပါးအောင် နှမ်းထောင်နေလှန်းစနစ်ကျင့်သုံးရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆင်းပဒေသာ(၆)မြေပဲ မျိုးသန့်စိုက်ခင်းများကိုကြည့်ရှုပြီး တောင်သူလယ်သမားများနှင့် ဆွေးနွေးရာတွင် မြေပဲသီးနှံအတွက် သတ်မှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၅၀ ပျမ်းမျှပြည့်မီခဲ့ကြောင်း၊ အခြားသောသီးနှံများကိုလည်း ဒေသအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ဆည်ရေသောက်ဒေသ ဂုံပင်ကျေးရွာ၌ ဆင်းသွယ် လတ်စပါးစိုက်ခင်းများကို ကြည့်ရှုပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးသည်။

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တောင်တွင်းကြီးမြို့နယ် မြန်မာ့ကြံလုပ်ငန်း အမှတ်(၁) ကင်ပွန်းတောင်အထွက်တိုးစခန်းနယ်မြေ၌ တစ်ဧကလျှင် တန် ၅၀ထွက်ရှိရန် စိုက်ပျိုးထားသော တောင်သူပိုင် စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ကြံစိုက်ဧကအားလုံး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိအောင် နည်းပညာပေး ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

✧ အင်တာနက်မှ

ရေယာဉ်ဖြင့် ပင်လယ်ရေကြောင်းခရီး သွားလာခဲ့ရာတွင် အီကွေတာရပ်ဝန်း ပစိဖိတ်သမုဒ္ဒရာရှိ ဂါလာပါဂို့စ်ကျွန်းသို့ ရောက်ရှိခဲ့ပြီး ယင်းကျွန်းတွင် နေထိုင်သော ပင်လယ်လိပ်သုံးကောင်ကို ၎င်းနှင့်အတူ ခေါ်ယူလာခဲ့ကြောင်း၊ ဟာရီယက် အမည်ရှိ ပင်လယ်လိပ်သည် ဖော်ပြပါ ပင်လယ်လိပ်သုံးကောင်တွင် ပါဝင်ကြောင်း ပြောစမှတ်ပြုခဲ့ကြသည်။

သို့ရာတွင် သမိုင်းဆိုင်ရာ အထောက်အထားများအရ ချားလ်စ်ဒါဝင်တွင် ပင်လယ်လိပ်သုံးကောင် ရှိသည်ဟူသောအချက်ကို အတည်မပြုနိုင်ဟု ဆိုသည်။

ဒေသခံများ၏အဆိုအရမူ ချားလ်စ်ဒါဝန်သည် ဂါလာပါဂို့စ်ကျွန်းမှ ဗြိတိန်နိုင်ငံသို့ ပင်လယ်လိပ်သုံးကောင်ကိုခေါ်လာခဲ့ကြောင်း၊ ဟာရီယက် အမည်ရှိ ပင်လယ်လိပ်သည် ဗြိတိန်နိုင်ငံတွင် နှစ်အတန် ကြာမျှနေထိုင်ခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်ရှိ ဘရစ္စဘိန်း ရက္ခဗေဒဉယျာဉ်သို့ ၁၈၀၀ပြည့်လွန်ရာစုနှစ်လယ်ကာလဝန်းကျင်တွင် ရောက်ရှိ လာခဲ့ကြောင်း သိရသည်။ ဟာရီယက် ပင်လယ်လိပ်ကြီးသည် လိပ်မကြီးတစ်ကောင်ဖြစ်ပြီး နှလုံး ရောဂါ ဖြင့် သေဆုံးသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2006

ညောင်ကန်အေးကွင်းကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်သပြေလမ်း မဟာစည်သြဝါဒခံ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာတွင် (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်၊ ဇူလိုင် ၂၂ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

သင်္ကန်းဒွိစုံ ကျပ် ၂၅၀၀၊ ထီး ကျပ် ၂၀၀၊ ဖိနပ်တစ်ရံ ကျပ် ၂၀၀ဖြင့်ဖြစ်စေ၊ မိမိကြိုက်နှစ်သက်ရာ ထီး၊ ဖိနပ်၊ ဆေးဝါးစသော ပစ္စည်းလေးပါး တို့ကိုဖြစ်စေ၊ သံဃာတော်တစ်ပါးအတွက် ဆွမ်းစရိတ် ကျပ် ၁၀၀ ဖြစ်စေ လှူဒါန်းနိုင်ပြီး ဖုန်း-၅၆၀၉၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို သွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၈

၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းက ကြီးမှူး၍ ပထမ အကြိမ် သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန၌ ကျင်းပသည်။ အဆိုပါ သွေးလှူဒါန်းပွဲ သို့ ဒဂုံတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးဆန်း၊ စီမံ၊ ဘဏ္ဍာဌာနမှူး ဦးခင်မောင်သန်း၊ ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်နှင့် ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းကော်မတီ ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ သီတာအောင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး သွေးလှူဒါန်းပွဲကို စတင်ကျင်းပသည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၆၇ဦး ပါဝင်လှူဒါန်းကြသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် စာပေညီလာခံဂုဏ်ပြု စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ပန်းဘဲတန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဘဏ္ဍာရေးမှူး၊ ညီလာခံကိုယ်စားလှယ်၊ စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွဋ်(စာရေးဆရာ တင်ထွဋ်၊ အစိုးရတိုင်းရင်းဆေး)က ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ၂၀၀၃ခုနှစ် သုတဘဏ်စာတမ်းဖတ်ပွဲသို့ ကိုယ်တိုင်တင်သွင်းပြုစုခဲ့သည့် "အဓိကရောဂါ ခြောက်မျိုးအတွက် ဆေးဝါးများနှင့် တိုင်းရင်းဆေးခန်းသုံးဆေးများတွင် အသုံးပြုသော အစွမ်းထက်မြန်မာ့ တိုင်းရင်းဆေးပင်များ စာတမ်း" စာအုပ် ၃၀၀ကို ယနေ့ လာရောက် ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း၊ တွံတေး)၊ တွဲဖက်အတွင်းရေးမှူးဦးခင်ဆွေ(ရွှေစွန်ညို)နှင့်တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။

(အပေါ်ပုံ) (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၆ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း ဘောလုံးကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့လေကြောင်း အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်နှင့် လေကြောင်း အတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းမှ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ အရာရှိ/စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။ (သတင်းစဉ်)

အဘိဓမ္မာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၈

ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ (၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်းတိုက် ဓမ္မာရုံတွင် ဇူလိုင် ၈ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဆရာဦးကံညွှန့် (ဘီအေ-ဘီအီးဒီ၊ သကျသီဟ ဓမ္မာစရိယ၊ အစိုးရ ဓမ္မာစရိယ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဝင်)က အဘိဓမ္မာ၊ ပဋ္ဌာန်း၊ ဓမ္မစကြာ အနတ္တလက္ခဏသုတ်၊ သတိပဋ္ဌာနသုတ်များကို ဓမ္မဒါနပို့ချပေးမည် ဖြစ်သဖြင့် တက်ရောက်လိုသူများသည် အသင်းတိုက်ဓမ္မာရုံသို့ ဆက်သွယ်၍ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၅ ၈။ အရေးပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
- ၅:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၀ ၇။ **"မောင်မြန်မာလျှပ်စစ်စက်ဘီး" [ရီဝေယံ၊ စောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း] (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)**
- ၅:၃၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၅ ၉။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊သူသူဟံသာ၊အိမ်အိမ်း) [ဒါရိုက်တာ-သက်တင်]**
- ၅:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ မုဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၄၅ ၁၄။ မွန်မြတ်နှလုံးသား မြန်မာအမျိုးသမီးများ(အပိုင်း-၁)
- ၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တစ်ဝဲလည်လည်"(အပိုင်း-၁)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာရုပ်ရှင် "အချစ်သည်လေပြည်" (အပိုင်း-၁) (ဒွေး၊စိုင်းဘိုဘို၊ဖြိုးငွေစိုး၊အိန္ဒြာကျော်ဇင်၊စမိုင်းလ်၊နဝရတ်) (ဒါရိုက်တာ-ကိုအောင်မင်းသိမ်း)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အရာရှိများအား ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဇွန် ၂၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ရန်ကုန်တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အရာရှိများအား တွေ့ဆုံသည်။

၎င်းနောက်ဝန်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများကိုဆောင်ရွက်နေရ၍ နိုင်ငံတော်၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဦးတည်ချက်များကို သိရှိထားပြီး အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း အောက်ခြေကို လေ့ကျင့်ပေးပြီး တာဝန်ပေးရန်ဖြစ်ကြောင်းနှင့် တာဝန်ပေးအပ်ပြီး ဆောင်ရွက်ပြီးစီးမှုကိုလည်း စစ်ဆေးကြပ်မတ်သွားရန်လိုကြောင်း၊

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းကို သိရှိနားလည်ထားပြီး တရားဥပဒေနှင့်အညီ လုပ်ဆောင်သွားရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ချွေတာစုဆောင်းရေး၊ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲရေး၊ စက်သုံးဆီ ချွေတာသုံးစွဲရေးနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို သတ်မှတ်ထားသည့်ဧကများ ပြည့်မီအောင် စိုက်ပျိုးသွားရန်တို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမတွင် ရန်ကုန်တိုင်း တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အရာရှိများအား အမှာစကား ပြောကြားစဉ်။ (ပြည်ထဲရေး)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အကြား အမှတ်(၂) လမ်းမကြီးကို စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

လမ်းများကောင်းမွန်ရေး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၂၆ ရက် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မင်းရဲကျော်စွာ မီးရထားလမ်းခုံးကျော်တံတားအနီး လေးထောင့်ကန်လမ်းသို့ ရောက်ရှိရာ တာဝန်ရှိများက လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းအကြား လမ်းသားပြုပြင်ခင်းကျင်းနေမှုနှင့် ဝဲ၊ ယာရေနုတ်မြောင်းများ ရေဆင်းကောင်းမွန်စေရန် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် စံပြဈေးရှေ့ သံသုမာလမ်းဆုံအနီး လမ်းပေါက်ဖာစက်ဖြင့်လေးထောင့်ကန်လမ်းမကြီး လမ်းသားပြုပြင်ဖာထေးနေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ငမိုးရိပ်တံတားအနီး မြယမုံအိမ်ရာရှေ့၌ ဘုရင့်နောင်လမ်းဆုံအထိ အမှတ်(၂) လမ်းမကြီးကို လမ်းသားပြုပြင်ဖာထေးပြီး ရေဆင်းကောင်းစေရန် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အကြား အမှတ်(၂)လမ်းမကြီးကို စက်ယန္တရားကြီးများဖြင့် နှစ်လမ်းသွားကွန်ကရစ်ကတ္တရာထပ်ပိုးခင်းကျင်းနေမှုနှင့် တောင်ဥက္ကလာပမြို့နယ်၌ သံသုမာလမ်းမကြီး တစ်လျှောက် လမ်းပေါ်ရေမတင်ရှိစေရေးအတွက် စက်ယန္တရားကြီးဖြင့် အကျယ်လေးပေရှိ ရေနုတ်မြောင်းတိုးချဲ့တူးဖော်နေမှု၊ ရေဆင်းအပေါက်များ ဖောက်လုပ်ပြီး ရေဆင်းနေမှုများကိုလည်းကောင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်က လမ်းများအဆင့်မြင့် ကောင်းမွန်ပြီး ရေရှည်တည်တံ့စေရန် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်စစ်ဆေးဆောင်ရွက်ရေး၊ သွက်လက်လျင်မြန်စွာ လုပ်ဆောင်ရေး၊ စနစ်တကျဖြင့် သေသပ်စွာ ဆောင်ရွက်ရေးနှင့် လမ်းများပေါ် ရေမတင်ရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

ရတနာ့ဂုဏ်ရည်ကျောင်း မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်းသွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ ဦးစီး၍ ဒုတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၉နာရီမှ ဇူလိုင် ၈ ရက်အထိ ငါးရက်တိုင်တိုင် ပူဇော်ပြီး ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေစက်ချတရားတော်နာယူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ရွှေမင်းဝံသာသနာ့ရိပ်သာ အမှတ်(၇၀)သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်၊ ဇူလိုင် ၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဓမ္မဗိမာန်တော် အပေါ်ထပ်တွင် အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။(ကြေးမုံ)

ရန်ကုန်မြို့ သုဝဏ္ဏ ၃၀ရပ်ကွက် ပန်းဝါလမ်းနေ ဗိုလ်မှူးကြီးကောင်းလှ (ငြိမ်း)နှင့်ဇနီး ဒေါ်လှမြိုင်က ငွေပဒေသာပင် ကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ခုနှစ်
ဇူလိုင်လ(၁)ရက်မှ(၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက်ညနေပိုင်းတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ကီလိုဝိတ်တန်းအလိုက် ပြိုင်ပွဲများ၊ စံချိန်ရှင်ဆုများ၊ အမျိုးသား၊ အမျိုးသမီး အသက်(၂၀)အောက်နှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူတို့က အောင်နိုင်ဆုများကို အလှည့်ကျချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်သို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က လှူဒါန်းငွေကျပ် တစ်သိန်းငါးရာကို တာဝန်ခံနာယက ဒေါ်မြင့်မြင့်ဆွေက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုကိုလည်းကောင်း၊ အမျိုးသား အလွတ်တန်းအသင်းလိုက် ပြိုင်ပွဲတွင် ပထမရရှိသော ကာကွယ်ရေး ဝန်ကြီး ဌာနအသင်းအား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟက တံခွန် စိုက်ဆုကိုလည်းကောင်း ချီးမြှင့်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းအသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသီဟ တံခွန်စိုက်ဆုချီးမြှင့်စဉ်။ (အား/ကာ)

စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြု အလှူငွေနှင့် ပစ္စည်းများပေးပို့လှူဒါန်း

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကိုယ်စား ကျိုင်းတုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)က ငွေကျပ်သုံးသိန်း၊ တာမိုးညဲ ချမ်းသာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသူရလွင်က ငွေကျပ်နှစ်သိန်းခွဲတန်ဖိုးရှိ Tah Moe Nye Region the beauty of Shan State စာအုပ် အုပ်ရေ ၂၅၀၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွဋ် (စာရေးဆရာ တင်ထွဋ် အစိုးရတိုင်းရင်းဆေး)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အဓိက ဆေးဝါးခြောက်မျိုးအတွက် ဆေးဝါးများနှင့် တိုင်းရင်းဆေးခန်းသုံး ဆေးများတွင် အသုံးပြုသော အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးပင်များ စာအုပ် ၃၀၀၊ ဒေါပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် တစ်သိန်းငါးသောင်းတန်ဖိုးရှိသုတရသစာအုပ်စုံ အုပ် ၂၅၀၊ တင်ရွှေစာပေက ငွေကျပ် တစ်သိန်း၊ ကိုမိုးဇော်–မဝါ (မင်းကြီးကြိုက်နှင့် မောင့်မူပိုင် လုံချည်ရောင်းဝယ်ရေးလုပ်ငန်း)က ငွေကျပ်သုံးသောင်း၊ မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းက ငွေကျပ်နှစ်သောင်း၊ ဒေါ်ဆွေမြင့်–ပုသိမ်က ငွေကျပ်တစ်သောင်းငါးထောင်၊ Forever Sportsဂျာနယ်က ငွေကျပ်တစ်သောင်း ငါးထောင်၊ နဂါးမင်းစာပေက ငွေကျပ်တစ်သောင်းငါးထောင်၊ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ)က ငွေကျပ် တစ်သောင်းတစ်ထောင့် ခုနစ်ရာ၊ ဦးကျော်စွာ–ဒေါ်စန်းစန်းမြင့်က ငွေကျပ်တစ်သောင်း၊ စာရေးဆရာ နေအောင်အောင် (ဂျိန်းဖော့မြေ)က ငွေကျပ်တစ်သောင်း၊ အလုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက ငွေကျပ်တစ်သောင်း၊ အလုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် တစ်သောင်း၊ စာရေးဆရာ(အောင်လံ–ဆိုးပေ)ကငွေကျပ်ငါးထောင်၊ တိုက်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်ငါးထောင်၊ စာရေးဆရာ ကော့မှူး သောင်းရွှေက ငွေကျပ်ငါးထောင် အသီးသီး ပေးအပ်လှူဒါန်းကြသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းပြည်ထောင်စုခန်းမ (စီမံခန့်ခွဲရေးကော်မတီရုံး) ၀၉ ၅၀၀ ၅၁၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့စတုတ္ထအကြိမ် စာပေညီလာခံကို ဂုဏ်ပြုသောအားဖြင့် တာမိုးညဲ ချမ်းသာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးသူရလွင် ငွေကျပ်နှစ်သိန်းခွဲတန်ဖိုးရှိ စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်ဒန်အချစ်များ ရုံသုံးရုံ၌ ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဇွန် ၂၈

ယခုသောကြာပတ် ဇွန် ၃၀ရက်တွင် မြန်မာရုပ်ရှင်ကားသစ်မဝင်ဘဲပြသဆဲဖြစ်သည့် **"မော်ဒန်အချစ်များ"** ဇာတ်ကား သာမြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ဆက်လက်ပြသမည်ဖြစ်သည်။ ထို့အတူ မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုပ်ရှင်ရုံတို့၌လည်း **"မော်ဒန်အချစ်များ"** ဇာတ်ကား ပြသမည်ဖြစ်သည်။

ဟာသဇာတ်ကား

မော်ဒန်အချစ်များ ဇာတ်ကားမှာ အိမ်ထောင်ရေးဇာတ်လမ်းကို ဟာသဖက်၍ ခပ်သွက်သွက်ရိုက်ကူးထားသော ဇာတ်မြူးဇာတ်ကား တစ်ကားဖြစ်သည်။ ဟာသဇာတ်မြူးကားဟုဆိုသော်လည်း လူငယ်တို့၏ ချစ်ခြင်းသဘာဝ၊ ဒုတိယအရွယ်လွန် ကာလ ချစ်ခြင်းမေတ္တာအကြောင်းတို့ကို အနုပညာရသမြောက်စွာ ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သည်။

ပါဝင်

အဆိုပါဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊တင့်တင့်ထွန်း၊ မေသဥ္ဇာဦးနှင့် ဝိုင်းစုခိုင်သိန်းတို့နှင့်အတူ ဇာတ်ပို့၊ ဇာတ်ရံပေါင်းများစွာ ပါဝင်ရိုက်ကူးထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲဖြစ်သည့် အပျော်စီးသင်္ဘောကြီးတစ်စင်း သမုဒ္ဒရာအတွင်း နစ်မြုပ်ပုံအဖြစ်အပျက်ဇာတ်လမ်းဖွဲ့ Poseidon ဇာတ်ကားနှင့် ရွှေဆောင်ရုံတွင် စွန့်စားမှုအသားပေး ဇာတ်ကြမ်းကား Aeon Flux ဇာတ်ကားများပြသမည်ဖြစ်သည်။

(ကြေးမုံ)

ရန်အောင်နှင့် တင့်တင့်ထွန်း

ပြသဆဲ မော်ဒန်အချစ်များ ဇာတ်ကားသစ်မှ ရန်အောင်နှင့် တင့်တင့်ထွန်းတို့၏ သရုပ်ဆောင်ဟန်ကို ရှုစားရစဉ်။

အင်းလေးဓမ္မာရုံ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇွန် ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟဲယာရွာမ ရွှေဘုံသာသဒ္ဓမ္မဝုဒ္ဓိကာရီ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ အားအမှူးထား၍ သံဃာတော်၁၁ပါးအား ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ အင်းလေးဓမ္မာရုံကြီးတွင် ဇူလိုင် ၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်၍ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဝေယျာဝစ္စအဖွဲ့ (အင်းလေးဓမ္မာရုံ)ဖုန်း–၀၉၅၁၃၀၀၁၉၊ ၀၉၅၁၁၅၀၁၆၊ ၃၈၆၇၉၃၊ ၃၈၂၁၂၂ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အင်းသူအင်းသားများ ကြွရောက်လှူဒါန်းပူဇော်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဇွန် ၂၈

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိကဗဟုဇနဟိတရေ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ သရောင်းရွာ မဟာစည်သာသနာ့ရိပ်သာစခန်းပွဲ၌ ဇူလိုင် ၁၅ရက်မှ အောက်တိုဘာ ၆ရက်အထိ ဝါတွင်းသုံးလ မဟာစည်ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖုန်း–၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁)သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉–၆–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၅၅)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း–၁၁)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။



မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်

၂၀၀၆ခုနှစ် ဇွန် ၂၈ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်

ယနေ့နံနက် ၀၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ မြိတ်မြို့တွင် ၃ဒသမ ၆၂လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ဒသမ ၀၇လက်မ၊ ကန့်ဘလူမြို့တွင် ၂ဒသမ ၇၆လက်မ၊ အမ်းမြို့တွင် ၂ဒသမ ၇၁လက်မ၊ ထားဝယ်မြို့တွင် ၂ဒသမ ၁၇လက်မ၊ ကျောက်ဖြူမြို့တွင် ၁ဒသမ ၅၈လက်မ၊အောင်လံမြို့တွင် ၁ ဒသမ ၅၄လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၉ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၂၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်)	၂၇–၆–၂၀၀၆
အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၂၈–၆–၂၀၀၆
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း	၂၈–၆–၂၀၀၆
နေပူသည့်နာရီပေါင်း (မရှိပါ)	၂၇–၆–၂၀၀၆

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၂၈–၆–၂၀၀၆	၀ဒသမ၁၂လက်မ	၀ဒသမ၁၂လက်မ	၀ဒသမ၁၆လက်မ
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	၂၅ဒသမ၃၅ လက်မ	၃၃ဒသမ၅၈ လက်မ	၃၆ဒသမ၉၃လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈–၆–၂၀၀၆ရက် ၀၅း၁၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

ကမ္ဘာ့ထိပ်သီးဘောလုံးအသင်းများ ကွာတားဖိုင်နယ်အတွက် အသင့်ပြင်

အက်ဆင်(ဂျာမနီ) ဇွန် ၂၈

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အတွက် ကမ္ဘာ့ထိပ်သီးဘောလုံးအသင်းများ ယှဉ်ပြိုင်ရန် အသင့်ပြင်ဆင်လျက်ရှိကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့တွင် နှစ်ရက်ကြာ ရပ်နားထားပြီးနောက် သောကြာနေ့ (ဇွန် ၃၀ ရက်)တွင် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်ကို စတင်မည်ဖြစ်ကြောင်း ဇွန် ၂၈ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်၏ အဖွင့်ပွဲအဖြစ် ဇွန် ၃၀ ရက်တွင် အိမ်ရှင် ဂျာမနီလက်ရွေးစင်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျာမနီအသင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မှုမှာ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသမိုင်းတွင် ၁၅ကြိမ်မြောက်ဖြစ်သည်။ ဂျာမနီအသင်းသည် အာဂျင်တီးနားအသင်းနှင့် တွေ့ဆုံမှုမှာ ပဉ္စမအကြိမ်ဖြစ်သည်။ အဆိုပါ အသင်းနှစ်သင်းသည် ၁၉၉၀ ပြည့်နှစ်က နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ဖူးသည်။

ဇွန် ၃၀ ရက် ကွာတားပွဲစဉ်၏ ဒုတိယပွဲအဖြစ် အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယူကရိန်းအသင်းသည် ဆွစ်ဇာလန်အသင်းနှင့် ကစားခဲ့စဉ်က အချိန်ပိုအထိ ဂိုးမရှိ သရေကျနေခဲ့ရာမှ ပယ်နယ်တီကန်သွင်းပြီးမှ ကွာတားအဆင့်သို့ ရောက်ရှိလာသည်။ လက်ရှိကာလတွင် အီတလီအသင်း ပိုမိုရေပန်းစားလျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် ကျင်းပမည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့သည်လည်းကောင်း၊ ဘရာဇီးအသင်းနှင့် ပြင်သစ်အသင်းတို့သည် လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားရန်ရှိနေကြသည်။ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲတွင် အင်္ဂလန်နှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပုံကို ပြန်ပြောင်းသတိရနိုင်သည်။

ကမ္ဘာ့ချန်ပီယံဆုဖလား ငါးကြိမ်ရခဲ့ဖူးသော ဘရာဇီးအသင်းသည် ပြင်သစ်အသင်းနှင့် ဇူလိုင် ၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အစဉ်အလာကို ထိန်းနိုင်ရန် ဆက်လက် ကြိုးပမ်းနေမည်ဖြစ်သကဲ့သို့ ပြင်သစ်အသင်းကလည်း ဆီမီးဖိုင်နယ်အဆင့်သို့ ဆက်လက်တက်လှမ်းရန် ကျားကုတ်ကျားခဲ ကြိုးပမ်းမည်သာဖြစ်သည်။ ***အင်တာနက်။***



ဂျာမနီနိုင်ငံ ပို့စ်ဒမ်မြို့ရှိ လေ့ကျင့်ရေးစခန်းတွင် ယူကရိန်းအသင်း လေ့ကျင့်ကစားနေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂါနာအသင်းကို အနိုင်ရအောင် ကစားရာတွင် အခက်အခဲများရှိကြောင်း ဘရာဇီးနည်းပြ ဝန်ခံ

ဒေါ့မွန်း ဇွန် ၂၈

ဘောလုံးအားကစားနည်းသည် ခုံခုံညားညားဖြင့် ကစားရသည့် အားကစားနည်းဖြစ်သည်ဟု ဘောလုံးဘုရင် ပီလီက အမိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း၊ လက်ရှိကျင်းပနေသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းက သမ္ဘာရင့်အသင်းဖြစ်သည့်အားလျော်စွာ ခုံခုံညားညား ကစားပြလိမ့်မည်ဟု ဘောလုံးပရိသတ်က မျှော်လင့်ခဲ့ကြကြောင်း၊ ဘရာဇီးလက်ရွေးစင်အသင်း၏ နည်းပြ ကာလို့စ်အယ်လ်ဘာတိုပရဲယားကမူ ၎င်း၏အသင်း ချန်ပီယံအစဉ်အလာကို ထိန်းသိမ်းနိုင်ရန် မနည်းကြိုးပမ်းကစားခဲ့ရသည်ဟု ဝန်ခံပြောဆိုကြောင်း ဇွန် ၂၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘရာဇီးအသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်အရ ဂါနာအသင်းနှင့် အင်္ဂါနေ့က ယှဉ်ပြိုင်ကစားခဲ့ရာတွင် အမှားအယွင်းများ ပြုလုပ်မိသည်ဟု နည်းပြ ပရဲယားက ပြောကြားသည်။

ဇွန် ၂၇ ရက်က ဒေါ့မွန်းမြို့တွင် ကျင်းပသည့် ၁၆ သင်း အဆင့် ရှုံးထွက်ပြိုင်ပွဲ၌ ဂါနာအသင်းနှင့် ယှဉ်ပြိုင်သည့် ဘရာဇီးအသင်းမှ ရော်နယ်လ်ဒင်ဟိုအား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ကမ္ဘာ့ဘောလုံးချန်ပီယံ ငါးကြိမ်ဖြစ်ခဲ့ဖူးသော ဘရာဇီးအသင်းသည် လုလုပပ ခုံခုံညားညား ပုံစံဖြင့် အမြဲတစေကစားနိုင်ခြင်းမရှိဘဲ အနိုင်ရရှိရေးအတွက် အားကစားစိတ်ဓာတ်ကို ထည့်ကာ ခက်ခက်ခဲခဲကစားခဲ့ရကြောင်း ပရဲယားက ပြောကြားသည်။

အမှားအယွင်းရှိ

မိမိ၏ အသင်းသည် ဘောလုံးသမားကောင်းများစွာ ပါဝင်နေသော ဂါနာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် အမှားအယွင်းများရှိခဲ့ကြောင်း၊ အထူးသဖြင့် ပထမပိုင်းတွင် ဘရာဇီးဘောလုံးသမားများ တစ်ဦးနှင့်တစ်ဦး ဘောလုံးအပေးအယူပြုလုပ်ရာတွင် တည်ငြိမ်မှုမရှိဖြစ်နေကြောင်း ပရဲယားက ပြောကြားသည်။ ***အင်တာနက်။***

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများ



ဖျက်ထုတ် ကာကွယ်

ဇွန် ၂၇ ရက်က ဒေါ့မွန်းမြို့တွင် ဘရာဇီးအသင်းမှ ကာကာကန်သွင်းသော ဘောလုံးကို ဂါနာဂိုးသမားရစ်ချတ်ကင်းဆန်း ဖျက်ထုတ်ကာကွယ်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ပြင်သစ်ကို ဖရီးကစ်ကန်သွင်းခွင့်ပြုမှု ဒိုင်လူကြီး မှားယွင်းကြောင်း ပူယိုးလ်ဝေဖန်

ဟန်နိုဗာ ဇွန် ၂၈

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲတွင် မိမိ၏အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပြင်သစ်အသင်းကို ဒိုင်လူကြီးက ဖရီးကစ်ကန်သွင်းခွင့်ပေးခြင်းသည် မှားယွင်းကြောင်း စပိန်လက်ရွေးစင်အသင်း၏ နောက်တန်းကစားသမား ကာလို့စ်ပူယိုးလ်က ဇွန် ၂၈ ရက်တွင် ဝေဖန် ပြောကြားလိုက်သည်။

ပြင်သစ်အသင်းသည် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ပွဲမပြီးဆုံးမီ နောက်ဆုံး ၁၀ မိနစ်အတွင်း နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ကာ သုံးဂိုး–တစ်ဂိုးဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၈၃ မိနစ်တွင် ပြင်သစ်တိုက်စစ်မှူး သီယာရီဟင်နရီနှင့်အတူ ဘောလုံးရရှိရေးကြိုးပမ်းစဉ် တွန်းတိုက်မိသည့် ကားလို့စ်ပူယိုးလ်ကို ဒိုင်လူကြီးက အဝါကတ်ပြခဲ့ပြီး ပြင်သစ်အသင်းအား ဖရီးကစ်ကန်သွင်းခွင့်ပေးခဲ့သည်။ ပက်ထရစ်ဗီအဲရာသည် ဇီနက်ဒင်းဇီဒန်းကန်ပို့သော ဖရီးကစ်မှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့သည်။

မိမိသည် ဘောလုံးစည်းမျဉ်းကို ချိုးဖောက်ခဲ့ခြင်းမရှိကြောင်း၊ ဘောလုံးရရှိရေးအတွက် ဘောလုံးနောက်သို့ ဟင်နရီနှင့်အတူ ပြေးလိုက်ရာ၌ မိမိနောက်မှ ၎င်းလိုက်ပါလာပြီး မိမိကို ဝင်တိုက်မိခြင်းသာဖြစ်ကြောင်း ပူယိုးလ်က ပွဲအပြီးတွင် စောဒကတက်ပြောကြားသည်။

အင်တာနက်။



ဇွန် ၂၇ ရက်က ဟန်နိုဗာမြို့တွင် ကျင်းပသော ၁၆သင်းအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် စပိန်အသင်းမှ ကာလို့စ်ပူယိုးလ် (နံပါတ်–၅)နှင့် ပြင်သစ်အသင်းမှ ဇီဒန်းတို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တာချီလိတ်မြို့နယ်တွင် ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၂၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်း စံပြကျေးရွာမူလတန်းလွန်ကျောင်းအတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းခြင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးခြင်းအခမ်းအနားကို ဇွန် ၂၄ ရက်တွင် ရေပူစမ်း စံပြကျေးရွာခန်းမဆောင်၌ကျင်းပရာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ရပ်မိရပ်ဖ ဦးယေရှဲတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာသင်စရိတ်နှင့် စာအုပ်၊ စာစောင်များကို ပေးအပ်ရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် လှူဒါန်းသော ငွေကျပ်တစ်သိန်းကို ဗိုလ်မှူးကြီးမြင့်ဟန်ကလည်းကောင်း၊ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်က ငွေကျပ်တစ်သိန်း၊ ရပ်မိရပ်ဖ ဦးယေရှဲက ငွေကျပ် ၁၀ သိန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံကြသည်။ (သတင်းစဉ်)

ဝါတွင်း ဝိပဿနာသင်တန်း

ရန်ကုန် ဇွန် ၂၈

ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ ဝါတွင်း ရဟန်းတော်များ ဝိပဿနာ [ပညာ] သင်တန်းများကို ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့) မှစ၍ ဝါတွင်း အဖိတ်နေ့/ဥပုသ်နေ့တိုင်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဖွင့်လှစ် ပို့ချမည်။ လက်ခံမည့်ရက်မှာ ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိဖြစ်ပြီး ရဟန်းတော်များ သာသနာဝင်မှတ်တမ်းမူရင်း/ မိတ္တူနှင့် ဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်ဖြစ်သည်။

လူပုဂ္ဂိုလ်များ ဇူလိုင် ၁ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဝိပဿနာ [ပညာ] သင်တန်းအသစ် စမည်ဖြစ်ရာ အမှတ်(၂၁)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၇၇၃၁ သို့ ကုသိုလ်ယူ တက်ရောက်နိုင်ကြောင်းသိရသည်။(က–ပ)

အင်အားအသင့်အတင့် မြေလျှင်လှုပ်ရှား

ရန်ကုန် ဇွန် ၂၈

၂၀၀၆ ခုနှစ် ဇွန် ၂၈ရက် မြန်မာစံတော်ချိန် ဝဝနာရီ ၄၀ မိနစ် ဝဝ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေလျှင်စခန်းမှ တောင်ဘက် မိုင် ၉၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (နီကိုဘားကျွန်းစု၊ အိန္ဒိယဒေသ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသည့် မြေလျှင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ဇွန် ၂၁ ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့ နာယက ဒေါ်နီနီစိန်၊ ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ၁၃ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်း၍ ကမာရွတ်မြို့နယ် ချောင်းဝကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဂုဏသာမိ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

၂၀၀၆ ခုနှစ် ဇူလိုင်လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် ဇွန် ၂၈

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက် ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

ဧရာဝတီ မြစ်ရေသည် ညောင်ဦးမြို့နှင့် ဟင်္သာတမြို့တို့တွင်တစ်ကြိမ်ခန့်၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်း မြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီ မြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့် စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အခရုဏ်ဦး

ဆေးဝါးနားလည်မှုအခြေခံသင်တန်း

ရုံး/ကျောင်းသမားများအတွက် စနေ–တနင်္ဂနွေ တန်းခွဲသစ်စပြီ။ အစအဆုံး ဆရာဝန်များ သင်ကြားသည်။ (အလွယ်တကူ နားလည်သဘောပေါက်စေရန် တာဝန်ယူသည်။)

(၄–လွှာ)၊၁၈–လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန်။ ဖုန်း–၀၉၉၈၂၂၃၇၂



ဝန်ထမ်းများအလိုရှိသည်

(မြည်တွင်း၌သာခန့်ထားရန်)

၁။ **Sales Manager (Yangon)** ကျား/မ (၁)ဦး
Hotel Sales & Marketing အတွေ့အကြုံ (၃)နှစ်နှင့် အထက်ရှိရမည်။

၂။ **Sales Executive (Yangon)** မ (၁)ဦး
Hotel Sales & Marketing အတွေ့အကြုံ (၂)နှစ် အနည်းဆုံးရှိရမည်။

၃။ **Reservationist (Yangon)** မ (၁)ဦး
Hotel Reservation အတွေ့အကြုံ (၂)နှစ် အနည်းဆုံးရှိရမည်။

၄။ **Front Office Manager (Bagan)** ကျား/မ (၁)ဦး
ဟော်တယ်လုပ်ငန်းတွင် လုပ်သက် (၃)နှစ်နှင့်အထက်ရှိပြီး Supervisor ဖြစ်ပါက လုပ်သက် (၃)နှစ် အနည်းဆုံးရှိရမည်။

၅။ **House Keeping Manager (Bagan)** ကျား/မ (၁)ဦး
ဟော်တယ်လုပ်ငန်းတွင် လုပ်သက် (၂)နှစ် (သို့) Supervisor လုပ်သက်အနည်းဆုံး (၃)နှစ် ရှိရမည်ဖြစ်ပြီး (Room, Linen, Laundry, P/A)အလုပ်များကိုပါ ကျွမ်းကျင်စွာ လုပ်နိုင်သူ ဖြစ်ရပါမည်။

၆။ **Executive Chef: (Bagan)** ကျား (၁)ဦး
ဟော်တယ်လုပ်ငန်းတွင် လုပ်သက်အနည်းဆုံး (၃)နှစ်နှင့်အထက် ရှိရမည်။

၇။ **Souc Chef: (Bagan)** ကျား (၁)ဦး
Chef De-Parties ရာထူးတွင် လုပ်သက် (၃)နှစ်နှင့်အထက် ရှိရမည်ဖြစ်ပြီး လက်ရှိ Souc Chef ဖြစ်ပါက ပိုမိုဦးစားပေးမည်။

၈။ **Human Resource Manager (Bagan)** ကျား (၁)ဦး
ဝန်ထမ်းရေးရာလုပ်ငန်းများတွင် အတွေ့အကြုံအနည်းဆုံး (၃)နှစ်နှင့်အထက်ရှိသူ ဖြစ်ရမည်။ ...

၉။ **Chief Engineer (A.G.T.I or B.E-EP of MP) (Bagan)** ကျား (၁)ဦး
Hotel လုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၃)နှစ်နှင့်အထက်ရှိရမည်ဖြစ်ပြီး Air-con နှင့် Electrical ပိုင်းကို ကျွမ်းကျင်ရပါမည်။ Hotel ၏ Power များကို ... Maintainance အပိုင်းတွင်လည်း လုပ်ဆောင်နိုင်ရမည်။

အမှတ်စဉ် (၁ မှ ၅ အထိ) အင်္ဂလိပ်စာ(ရေး၊ဖတ်၊ပြော)နှင့် ကွန်ပျူတာကျွမ်းကျင်ရပါမည်။ ... Procedure ... Hotel ... Kitchen ၏ Costing များကို Control လုပ်နိုင်ရမည်။ European, Asia, Chinese Menu များကို ကျွမ်းကျင်ရပါမည်။ ...

လျှောက်ထားလိုသူသည် ... ပြည့်စုံသည် ...

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်းနေ
ဒေါက်တာကျော်ဇော [Programme Officer (UNDP/GFATM/NTP), Lashio]–
ဒေါ်ခင်မျိုးတင့်(ခ)ဒေါ်တင့်တင့်တို့၏ သား

မောင်တင့်အောင်ကျော် A.G.T.I (Mechanical), 2nd Year (English)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အကျဉ်းဦးစီးဌာနဝင်းနေ
ဦးလှကြည် [ဒု–ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အကျဉ်းဦးစီးဌာန]–ဒေါ်စိန်စိန်မြင့်
တို့၏သမီး

မလင်းလင်းမြတ် B.E (Mechanical)

တို့၏

၂၅–၆–၂၀၀၆ရက်၌ Summit Parkview Hotel တွင် ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)(ညွှန်ကြားရေးမှူးချုပ်၊အကျဉ်းဦးစီးဌာန)နှင့် ဇနီး ဒေါ်နွယ်နီစမ်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးသော ဒေါက်တာဇော်ဝင်း (ခွဲစိတ်အထူးကုဆရာဝန်ကြီး)နှင့် ဇနီး၊ ဒေါက်တာဒေါ်ဇင်သက်ခိုင် [တွဲဖက်ပါမောက္ခ၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်]တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မစမ်းရည်မွန်ကျော်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော ညီမငယ် မနှင်းရည်မွန်ကျော်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမငယ် မပပမင်း၊ မင်္ဂလာပန်းခြင်းများ ကိုင်ဆောင်ပေးသော ညီမငယ်လေးများ မအိမ့်မြတ်သီရိဗို၊ မရွှေစင်သန့်၊ မအိမ့်သီရိခေတ်တို့အား လည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်ယင်ပေးသော Yes, I Doနှင့် လဲ့လဲ့ဝင်းတို့အားလည်းကောင်း၊ လက်ဝတ်ရတနာ ဆင်မြန်းပေးသော မကေသီလှ၊ မဒေစီလှ၊ မိတ်ကပ်၊ ဆံပင်အလှ ကိုမာနှင့်အဖွဲ့၊ ဓာတ်ပုံ၊ ဗီဒီယို အကိုင်းနှင့်အဖွဲ့၊ Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်တင့်အောင်ကျော်–မလင်းလင်းမြတ်

မီးသုံးစွဲလျှင် အသိဃုဒ္ဓိ ဆင်ခြင်သတိ အမြဲရှိ



လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကြီးအုံ–ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်း၏ ပင်မတမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ကြီးအုံ–ကြီးဝ ရေလှောင်တမံ ပင်မတမံတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဇွန် ၁၈ ရက် ညနေ၄နာရီခွဲတွင် မကွေးတိုင်း စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စု၌ စိုက်ပျိုးဖြစ်ထွန်းနေသော ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမည့် ဆင်းသွယ်လတ် နှစပါး၈က ၇၀၀ ကို ကြည့်ရှုပြီး တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေ၆နာရီခွဲတွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ကြီးအုံ–ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ပင်မတမံတည်ဆောက်မှုလုပ်ငန်း၊ စက်ယန္တရားများဖြင့် မြေဖို့မြေသိပ် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးသောအချောသပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

ယနေ့မိုးလေဝသ

၂၉–၆–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အင်တာနက်သတင်း

ချားလ်စ်ဒါဝင် ပိုင်ဆိုင်သည်ဆိုသော အသက်(၁၇၆)နှစ်ရှိ ပင်လယ်လိပ်မကြီးသေဆုံး

ဆစ်ဒနီ ဇွန် ၂၆

အင်္ဂလိပ်သိပ္ပံပညာရှင်ကြီး ချားလ်စ်ဒါဝင်ပိုင်ဆိုင်ခဲ့သော ပင်လယ်လိပ်သုံးကောင်တွင် ပါဝင်သည်ဟု ဆိုစမှတ်ပြုကြသည့် အသက်(၁၇၆)နှစ်ရှိ ပင်လယ်လိပ်ကြီးသည် ဩစတြေးလျနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် သေဆုံးသွားပြီဖြစ်ကြောင်း ဇွန် ၂၆ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဇွန် ၂၂ရက်တွင်သေဆုံးသွားသော ဟာရီယက်အမည်ရှိ အဆိုပါ ပင်လယ်လိပ်မကြီးကို ချားလ်စ်ဒါဝင် ပိုင်ဆိုင်ကြောင်း ချားလ်စ်ဒါဝင်သည် ၁၈၃၅ခုနှစ်က HMS Beagle **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ရှိ ရက္ခဗေဒဥယျာဉ်၌ သေဆုံးသွားသော ဟာရီယက်အမည်ရှိ လိပ်မကြီး။ (ဓာတ်ပုံ–အင်တာနက်)

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ကျောက်စိမ်းအတွဲပေါင်း ၂၀၆၂ တွဲကို တင်ဒါစနစ်ဖြင့်ရောင်းချ ရတနာကုန်သည် ၂၃၇၉ဦးက ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် ဇွန် ၂၈

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ယမန်နေ့ ညနေ၅နာရီခွဲအထိ ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း၁၄၃တွဲကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း၅၃၃တွဲကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရပြီး လေးရက်အတွင်း တင်ဒါစနစ်ဖြင့် ရောင်းခဲ့သည့် ကျောက်စိမ်းအတွဲပေါင်း ၂၀၆၂တွဲ ဖြစ်သည်။

အထူးရောင်းချပွဲအစီအစဉ်အရ ယနေ့နံနက်၉နာရီမှ ညနေ၄နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၅တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကိုဈေးပြိုင်စနစ်ဖြင့် ညနေပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိရာ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ ခန်းမကြီးတစ်ခုလုံး ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် ပြည့်လျှံနေပြီး အပြိုင်အဆိုင်ဈေးပြိုင်ပေး၍ ဝယ်ယူ လျက်ရှိကြသည်။

ယခုကျင်းပလျက်ရှိသည့် အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၀နိုင်ငံမှ ရတနာကုန်သည် ၁၄၆၅ဦးနှင့် ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည် ၉၁၄ ဦး စုစုပေါင်း ရတနာကုန်သည် ၂၃၇၉ ဦး တက်ရောက်၍ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဈေးပိုပေး၍ ဝယ်ယူလျက်ရှိကြသည်ကို တွေ့ရှိရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဇွန် ၂၉ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)